# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပြာဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဘုရားဟော၏။

ပြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေး



နေပြည်တော် ဇူလိုင် ၁၂

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေး အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


**ယနေ့ ဖတ် စ ရာ**



အလုပ်သမားတွေရဲ့ အခွင့်အလမ်းမြှင့်တင်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်းပါး စာ ၁၀

ဆီးရီးယားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများသည် သာမန်ပြည်သူများအပေါ် များစွာသက်ရောက်မှုရှိကြောင်း ကုလသမဂ္ဂအစီရင်ခံစာ ဖော်ပြ နိုင်ငံတကာသတင်း စာ ၁၃



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများနှင့်အတူ သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို အတူတကွ စုပေါင်းစိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

*စာမျက်နှာ ၄ သို့*

**❖ ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင်၊ ပျဉ်းကတိုး ၃၀၀ ပင်၊ ပိတောက် ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်စဉ်။

# တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

*စာမျက်နှာ ၃ မှ*

**၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင်၊ ပျဉ်းကတိုး ၃၀၀ ပင်၊ ပိတောက် ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၀ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၉၀၉၇ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၉၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၂၇၄ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၈၁၀ ပင်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၃၁၄၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၁၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၈၄၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၅၂၄၁ ပင်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်၌ ၅၄၉၀ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၆၄၀ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၂၆၆၇ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၄၃၁၅ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၃၅၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



တိုင်းစစ်ဌာနချုပ် နယ်မြေများ၌ မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပပြုလုပ်စဉ်။







တိုင်းစစ်ဌာနချုပ် နယ်မြေများ၌ မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပပြုလုပ်စဉ်။

## ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့်သူများမပါရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်လို

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇူလိုင် ၁၂**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယခုချိန်ထိ ဗဟိုအဖွဲ့အစည်းအဝေး ၅ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ(ပဉ္စမမူကြမ်း)နှင့် ယင်းနည်းဥပဒေ(ပဉ္စမမူကြမ်း)အပေါ် ဥပဒေရေးရာဝန်ကြီးဌာနမှပေးပို့သည့် ပြင်ဆင်ချက်နှင့် သဘောထားမှတ်ချက်များကို ဆွေးနွေးနိုင်ရန် ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ(ပဉ္စမမူကြမ်း)နှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်သူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန်နှင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အကြံပြုချက်များရှိပါကလည်း အမြန်ပြန်လည်တင်ပြကြရန်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများ ထပ်မံစိစစ်ပြီး ပြင်ဆင်ဖြည့်စွက်အကြံပြုချက်များ မရှိပါက အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထိထိရောက်ရောက် ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုသို့ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက မှန်မှန်ကန်ကန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန် ထမ်းဆောင်ရန်၊ စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် တာဝန်ရှိသည်ကိုလမ်းညွှန်မှာကြားထားပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁)မှ(၃)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့်သင်တန်းများနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ပြည်သူ့စစ်မှုထမ်းစာရင်း ကောက်ယူရာတွင် ဥပဒေပါ သတ်မှတ်အသက် မပြည့်မီသူနှင့် အသက်ကျော်လွန်သူများ မပါရှိစေရေး၊ ကာယကံရှင် ဆန္ဒမပါဘဲ အတင်းအကြပ် စာရင်းသွင်းခြင်း မရှိစေရေး၊ အစားထိုး ပေးပို့မှုများမရှိစေရေး၊ မြေပြင်တွင်ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေကြသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ မသမာမှုများမရှိစေရေးတို့အတွက် အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များ တင်ပြမှုနှင့်ပတ်သက်၍လည်း စနစ်တကျ စိစစ်ပြီး သတ်မှတ်ချိန်အတွင်း တင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖွင့်လှစ်ပြီးခဲ့သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း(၃)ခုနှင့် စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် သင်တန်းအမှတ်စဉ်(၄)အတွက် လျာထားချက် ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အတွင်းရေးမှူး စစ်ရေးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲရေးနှင့် စံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ထပ်မံဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများအတွက် Time Frame များ သတ်မှတ်ဖြန့်ဝေပေးထားပြီးဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် Check List များဖြင့် စစ်ဆေးဆောင်ရွက်ရန် လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အချက်အလက်များကို ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်က မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တိုင်း/ခရိုင်အဆင့်များကလည်း စနစ်တကျ တာဝန်ပေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ သင်တန်းကျောင်းသို့ ရောက်ရှိပြီးမှ ခွင့်မဲ့ပျက်ကွက်သူများအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းအဖြစ် ကိုယ်ပိုင်အမှတ်ရရှိပြီးမှ ခွင့်မဲ့ပျက်ကွက်သူများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက်မပြည့်သူများ မပါရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့် တင်ပြလာမှုများကို ဗဟိုအဖွဲ့သို့ သတ်မှတ်ချိန်အတွင်း တင်ပြမှသာ သင်တန်းကျောင်းသို့ မရောက်မီ အချိန်မီ ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ယခင်ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်/အားသာချက်များကို သုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများအတွက် သတ်မှတ်လျာထားချက်များအတိုင်း ပြည့်မီရေး အလေးထားကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သနပ်ပင်မြို့နယ်၌ ပုဂံညောင်ပင်ရေလှဲပေါက်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ



**သနပ်ပင် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဒေသအတွင်း ငါးသယံဇာတတိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်အတွက် သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာအုပ်စု ပြွန်ပေါက်ကျေးရွာ ပုဂံညောင်ပင်ရေလှဲပေါက်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)၊ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ ကော်မတီဝင်များ၊ သနပ်ပင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အင်းသားကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများပါဝင်၍ ပုဂံညောင်ပင်ရေလှဲပေါက်အတွင်းသို့ ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၂၅၀၀၀၀ ကို ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ကျေးရွာ၌ ကျင်းပသည့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ တက်ရောက်အားပေးပြီး ကျုံတိုင်းကြီးကျေးရွာ ငါးမွေးမြူရေးကန်နှင့် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ အုန်းချိုမွှေးစိုက်ပျိုးရေးခြံ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၂

**စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၇) စက်မှုလယ်ယာစခန်း (ပန်းတနော်) မှ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ကျေးရွာရှိ တောင်သူ ဦးကျော်ငြိမ်းအေး၏ မိုးစပါးစိုက်ခင်း ငါးကေ၌ ကျင်းပသည်။**



သရုပ်ပြပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တောင်သူများနှင့်တွေ့ဆုံ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးပြီး **(အောက်ပုံ)**ဒေသခံတောင်သူများနှင့် ကြွခင်းစနစ်များ လျှော့နည်းပပျောက်ရေး၊ စိုက်ပျိုးသီးနှံစုံ ပန်းတိုင်အထွက်နှုန်း ရရှိရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတိုင်းကြီးကျေးရွာရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးမြင့်သန်း၏ ငါးမွေးမြူရေးကန် (၁၈၉ ဒသမ ၉၆) ဧကပေါ်ရှိ ငါးမွေးမြူရေးကန် ရှစ်ကန်၌ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးကြင်း စုစုပေါင်းကောင်ရေ (၈၂၀၀၀) မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ယာပုံ)** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ရေး၊ တိုးချဲ့မွေးမြူနိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကိစ္စရပ်များကို ပြန်လည်ဆွေးနွေးကာ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ ရေနက်ကွင်း၌ ရေတစ်ပေါင်၊ ကုန်းတစ်ပေါင် စိုက်ပျိုးနည်းစနစ်ဖြင့် အလှိုင်းကုမ္ပဏီမှ စိုက်ပျိုးထားရှိသော အုန်းချိုမွှေး စိုက်ပျိုးရေးခြံ ဧက ၁၈၀ သို့ သွားရောက်၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အုန်းချိုမွှေးလုပ်ငန်းအပြင် အုန်းသီးတန်ဖိုးကွင်းဆက်မြင့်မားရေး၊ အုန်းအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး အုန်းချိုမွှေးစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု ဥတိုကျေးရွာရှိ ထူးထက်ဟန် ကုမ္ပဏီလီမိတက် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက အသားတိုးဝက် မွေးမြူရေးလုပ်ငန်း အဆင့်ဆင့်နှင့် အလုံပိတ်လေအေးပေးစနစ်ဖြင့် မွေးမြူထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် လူထုအခြေပြု ဗဟိုဌာန (Community Centre) ၌ ကျင်းပသည့် ၂၀၂၄ - ၂၀၂၅ မိုးစပါးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုနှင့် မျိုးစေ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်သော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများကို သွင်းအားစုနှင့် မျိုးစေ့များ ပေးအပ်ခြင်း၊ တိုင်းဒေသကြီးရန်ပုံငွေမှ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်တစ်လုံးကို ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနသို့ တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၂-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၁-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၂-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၁၀၄)ဦး ရှိခဲ့ပြီး ၎င်းတို့အနက် (၁၂)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၂-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ (၁၁၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၂-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၃၆၄)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

---

## ရွှေဘိုတက္ကသိုလ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေဘို ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ(ခရိုင်အဆင့်)ကို ယနေ့နံနက် ၈ နာရီကကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ အမှတ်(၅) စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒုတိယပါမောက္ခချုပ်ဆရာမကြီးများ၊ ပါမောက္ခ၊ ကထိက၊ မော်ကွန်းထိန်း၊ နည်းပြ၊ သရုပ်ပြဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများတက်ရောက်ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်



ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၁၂

**အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။**

ဘင်းမ်စတက်နိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်း အဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာ ဆန်မာမွတ်၊ ဘူတန်နိုင်ငံခြားရေး နှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး မစ္စတာဒီအန်ဒွန်ဂဲလ်၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၊ နီပေါနိုင်ငံခြား ရေးအတွင်းဝန် မစ္စစီဝါလမ် ဆယ်လ်၊သီရိလင်္ကာ နိုင်ငံခြားရေး ဒုတိယဝန်ကြီး မစ္စတာသာရက ဘာလာဆူရီရာ၊ထိုင်းနိုင်ငံခြားရေး ဝန်ကြီး မစ္စတာမာရစ် ဆတ်ငီယမ် ဖုန်နှင့် ဘင်းမ်စတက် အတွင်း ရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးတို့ ပါဝင် တက်ရောက်ကြသည်။

ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်း အဝေးအတွင်း နိုင်ငံခြားရေး ဝန်ကြီးများသည် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း နှင့်ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများ အကြား ပေါင်းစည်းဆက်နွယ် ချိတ်ဆက်မှု ပိုမိုမြှင့်တင်သွားရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများ၊ ကျန်းမာရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံ ဖြတ်ကျော် ငွေပေးချေရေးစနစ် အပါအဝင် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက် ရေး စသည်တို့တွင် ပူးပေါင်း ဆောင်ရွက်သွားရေးအပေါ် ထည့် သွင်းဆွေးနွေးခဲ့ကြသည်။




ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အလားတူ အစည်းအဝေး၌ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေး တို့၏ အရေးကြီးမှုအပေါ် အလေးပေးပြောကြားခဲ့ပြီး ဘင်းမ် စတက် အနာဂတ်ဦးတည်ချက် များဆိုင်ရာ ထင်ပေါ်ကျော်ကြား ပညာရှင်များအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှုများနှင့် ဘင်းမ် စတက် နိုင်ငံခြားရေးဝန်ကြီးများ ၏ အစည်းအဝေးများကျင်းပရေး တို့အပေါ် ထည့်သွင်းဆွေးနွေးခဲ့ ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံ ခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေး အတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် နိုင်ငံတော် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေ မှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှု အခြေအနေ များကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ များမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များကို ရှင်းလင်း ပြောကြားခဲ့ပြီး တရားမဝင်မူးယစ် ဆေးဝါးနှင့် လက်နက်ရောင်းဝယ် ဖောက်ကားမှုများ၊ လူကုန်ကူးမှု များ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် သွားရေးအပေါ် တိုက်တွန်း ပြောကြားခဲ့သည်။

အိမ်ရှင်အိန္ဒိယ ပြည်ပရေးရာ ဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင် ရှန်ကာက ဒုတိယအကြိမ် ဘင်းမ် စတက်နိုင်ငံခြားရေးဝန်ကြီးများ ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြား ရေးဝန်ကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့များကို ညနေပိုင်းတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

ဘင်္ဂလားပင်လယ်အော် ဒေသ တွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiatives for Multi–Sectoral Technical and Economic Cooperation – BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့သည့် ဒေသတွင်း အဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့် အဖွဲ့ဝင်(၇)နိုင်ငံ ပါဝင် သည်။ ဘင်္ဂလားပင်လယ်အော် ဒေသတွင်း နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ် စတက်၏ လက်ရှိပူးပေါင်းဆောင် ရွက်မှု ကဏ္ဍ (၇)ခု ရှိသည့်အနက် မြန်မာနိုင်ငံသည် ဘင်းမ်စတက် **"လယ်ယာစိုက်ပျိုးရေးနှင့် စားနပ် ရိက္ခာဖူလုံရေးကဏ္ဍ"**၏ ဦးဆောင် နိုင်ငံအဖြစ် တာဝန်ယူလျက် ရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ်များ ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုမှ ရန်ကုန်တိုင်း ဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီသို့ပေးအပ် ထားသည့် နိုင်ငံတော်အကြီးအကဲ မိသားစုကလှူဒါန်းသည့် လူထုသိပ္ပံ ကျမ်းစာအုပ်များကို ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စာကြည့်တိုက် များသို့ ပေးအပ်သည့် အစီအစဉ်ကို ဇူလိုင် ၉ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီးပေါ်ရှိ မြန်မာ နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ် သာသနာ့ဗိမာန်၌ ကျင်းပသည်။



ယင်းပေးအပ်ခြင်း အစီအစဉ် တွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင် တွင်းကြီး)နှင့် ရုံးအဖွဲ့မှူး ဦးဝင်း သိန်းတို့က ရန်ကုန်တိုင်းဒေသကြီး ခရိုင်၁၄ ခရိုင်မှ မြို့နယ်၄၅ မြို့နယ် အတွင်းရှိ မှတ်ပုံတင်ထားသော စာကြည့်တိုက် ၁၂၅ တိုက်အတွက် စာကြည့်တိုက် တစ်တိုက်လျှင် လူထုသိပ္ပံကျမ်းစာအုပ် ငါးအုပ်နှုန်း ဖြင့် စာအုပ်ပေါင်း ၆၂၅ အုပ်တို့ကို ပေးအပ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အ.ထ.က ပုသိမ်ကြီး ကျောင်း၌ ပန်းခင်း (၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ကျောင်းသား ကျောင်းသူ ၉၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ခိုင်ထံ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ "မြန်မာ – အိန္ဒိယ – ထိုင်း သုံးနိုင်ငံ အစည်းအဝေး" သို့ ပါဝင်တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး တက်ရောက်ရန် နယူးဒေလီမြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့် **"မြန်မာ–အိန္ဒိယ–ထိုင်း သုံးနိုင်ငံ အစည်းအဝေး"** သို့ ပါဝင်တက်ရောက်ခဲ့သည်။

**"မြန်မာ – အိန္ဒိယ – ထိုင်း သုံးနိုင်ငံ အစည်းအဝေး"** သို့ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ် ဆတ်ငီယမ်ဖုန်တို့ တက်ရောက်ခဲ့ကြသည်။

**ဘင်းမ်စတက်နှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုပူးပေါင်းရေး**

**"မြန်မာ – အိန္ဒိယ – ထိုင်း သုံးနိုင်ငံ အစည်းအဝေး"** ၌ ဝန်ကြီးများသည် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍစုံ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ် ဆတ်ငီယမ်ဖုန်တို့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**" မြန်မာ - အိန္ဒိယ - ထိုင်း သုံးနိုင်ငံ အမြန်လမ်းအကောင် အထည်ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ အပါအဝင်ပေါင်းစည်း ဆက်နွယ်ချိတ်ဆက်မှု လုပ်ငန်းများ၊ နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ် အေးချမ်းရေးအတွက် မြန်မာ - အိန္ဒိယ - ထိုင်းနိုင်ငံ တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ပေးအပ်ရေးကိစ္စရပ်များ ထည့်သွင်းဆွေးနွေး "**

**" နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြား "**

အလားတူ မြန်မာ – အိန္ဒိယ – ထိုင်း သုံးနိုင်ငံ အမြန်လမ်းအကောင်အထည်ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ အပါအဝင် ပေါင်းစည်းဆက်နွယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေး အတွက် မြန်မာ – အိန္ဒိယ – ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

**လူကုန်ကူးမှုများ၊ အွန်လိုင်း လိမ်လည်မှုများတိုက်ဖျက်ရေးဆွေးနွေး**

အလားတူ တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရေး အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**"သုံးနိုင်ငံ အစည်းအဝေး"** ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သုံးနိုင်ငံအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး မန်းချောင်းအပန်းဖြေဆင်စခန်းအတွင်း အရိပ်ရ မန်ကျည်းပင်ပေါင်း ၄၀၀၀ စိုက်ပျိုး

**မင်းဘူး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းက ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအဖြစ် အရိပ်ရ မန်ကျည်းပင်ပေါင်း ၄၀၀၀ စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်း ဧရိယာအတွင်း၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများက မကွေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအဖြစ် ဆင်များအတွက် အဓိကအထောက်အကူပြုစေမည့် အရိပ်ရ မန်ကျည်းပင်ပေါင်း ၄၀၀၀ ကို "ကမ္ဘာ့မြေဆီလွှာ ထိန်းသိမ်းဖို့ သစ်ပင်စိုက်ကြစို့" ဆောင်ပုဒ်နှင့်အညီ စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းဧရိယာအတွင်း၌ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



ထို့နောက် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ရှင်းလင်းဆောင်တွင် မကွေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းက ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးမြင့်က ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ဆင်စခန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနက မြန်မာနိုင်ငံအတွင်း၌ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းအပါအဝင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) ဆင်စခန်း ၂၃ ခု ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆင်စခန်းရှိ ရှုမျှော်ဆောင်မှ တစ်ဆင့် ဆင်လိမ္မာလေးများ ကျန်းမာပျော်ရွှင်စေရန် ဆင်ဦးစီးများက နေ့စဉ် နံနက်တိုင်း ရွှေစက်တော် မန်းချောင်းအတွင်း ရေချိုးပေးခြင်းအစီအစဉ် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ဆင်စခန်းရှိ ဆင်ဝန်ထမ်းမိသားစုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်း၊ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးခြင်းများပြုလုပ်ရာ အဆိုပါဆင်စခန်းရှိ ဆင် ၁၂ ကောင်အား ဆင်စာဘူဖေးများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ




**နေပြည်တော် ဇူလိုင် ၁၂**

တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်း ဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူး များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် မေ ၁၃ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ကြောင်းနှင့် သင်တန်းသို့ ဒုတိယညွှန်ကြား ရေးမှူး၊ ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင်တရားသူကြီးအဆင့်ရှိ သင်တန်း သား ၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mrs. Ponnamperuma Arachchige Prabashini Ponnamperuma အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ငွေရေး ကြေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲ များ တက်ရောက်ကြသည်။ **သတင်းစဉ်**


## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mrs. Ponnamperuma Arachchige Prabashini Ponnamperuma အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဆောင်ရွက်ရေး၊ MSME အထောက်အကူပြု အသုံးချသုတေသနပူးပေါင်း ဆောင်ရွက်ရေး၊ မိတ်ဖက်တက္ကသိုလ်များ ထူထောင် ရေး၊ ပုဂ္ဂလိကတက္ကသိုလ်များ ရင်းနှီးမြှုပ်နှံရေးကိစ္စရပ် များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**



## ခရီးသည်တင်ရေယာဉ်များ အန္တရာယ်ကင်းရေး စည်းကမ်းနှင့် ညီ မညီ ကွင်းဆင်းစစ်ဆေး

**ကံမ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဧရာဝတီမြစ် အတွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ရေယာဉ် များကို မိုးရာသီကာလ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲနိုင်ရေးအတွက် လိုင်စင်စည်းကမ်းချက်များ နှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရန်နှင့် အသက်ကယ်ဝတ်စုံများ၊ အသက်ကယ်ဖောများ ပြည့်စုံစွာထားရှိခြင်း ရှိ မရှိတို့ကို ဇူလိုင် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းဌေးနှင့် တာဝန်ရှိသူများက ကံမ- ပြည် ကူးတို့ရေယာဉ်လိုင်း၊ ကံမ - ကျော်စွာ ကူးတို့ ရေယာဉ်လိုင်းနှင့် ကံမ - ကံမလေးရွာ (အောင်လံ မြို့နယ်) ကူးတို့ရေယာဉ်လိုင်းတို့ကို မိုးရာသီကာလ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲနိုင်ရေး ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့ အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့် "Htwe Ko Ko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက်နေ ထွေးကိုအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "အရိပ်မဲ့သစ်ပင်"၊ "@cherry. lin624"၊ "lapyae8241" TikTok အကောင့်များပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက်နေ တင်တင်အောင်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားတွေရဲ့ အခွင့်အလမ်းမြှင့်တင်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

**“မျှော်မှန်းထားတာကတော့ လောပန်အိပ်မက်ပေါ့။ လစာရတယ်ဆိုပေမယ့် တကယ်သွားကြည့်၊ လုပ်ကြည့်တော့ အဆင်မပြေတာတွေ အများကြီးပါ။ ဒါကြောင့် ကိုယ့်နိုင်ငံကို ပြန်လာပြီး မိသားစုနဲ့အတူ လုပ်ကိုင်စားဖို့ ဆုံးဖြတ်ခဲ့တာပါ”ဟု ကိုဖိုးချစ်က ပြောပြသည်။**

မေလပြည့်

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ကိုဖိုးချစ်သည် ၂၀၂၃ ခုနှစ်အတွင်းက သွားရောက်ခဲ့သော်လည်း အလုပ်အကိုင် အဆင်မပြေသဖြင့် ယခုအခါ မြန်မာနိုင်ငံရှိ ဇာတိမကွေးမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

“သူသူငါငါ ပြည်ပမှာ အလုပ်သွားလုပ်ကြတာ အများသိတယ်။ ဒါပေမယ့် အဆင်မပြေလို့ ပြန်လာတဲ့လူတွေလည်း အများကြီးရှိပါတယ်။ အလုပ်၊ နေထိုင်စားသောက်မှု၊ ဘာသာစကား၊ ပတ်ဝန်းကျင်စတာတွေ ဟန်ချက်ညီပြီး အဆင်ပြေတဲ့သူလည်း ရှိပါတယ်။ ကျွန်တော်ကတော့ အဆင်မပြေလို့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပြန်လာတာပါ။ ကျွန်တော့်လို ပြည်ပမှာ သွားရောက်အလုပ်လုပ်တယ်၊ သွားလုပ်တဲ့ နိုင်ငံကလည်း ကိုယ့်နိုင်ငံနဲ့ အဝေးကြီး၊ လူမှုဘဝရှင်သန်မှုကလည်း ကွာခြားလို့ အကြောင်းအမျိုးမျိုးကြောင့်၊ ကိုယ့်အတွက် အခက်အခဲရှိတဲ့၊ အဆင်မပြေတဲ့ နိုင်ငံသားတွေကို နိုင်ငံတော်အစိုးရအနေနဲ့ သက်ဆိုင်ရာသံရုံးတွေနဲ့ ချိတ်ဆက်ပြီး ပြန်လာလို့ရအောင် စီစဉ်ပေးတယ်သိရတော့ အင်မတန်ဝမ်းသာမိပါတယ်”ဟု ကိုဖိုးချစ်က ပြောပြသည်။



၂၀၂၂ ခုနှစ်က ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို တာချီလိတ်မြို့၌ ဌာနဆိုင်ရာများက ပြန်လည်ကြိုဆိုလက်ခံစဉ်။

**“ဝင်ငွေရလမ်းကြောင်းတစ်ခုတည်းကို မစဉ်းစားဘဲ ကျွန်တဲ့ဘာသာစကား၊ ပတ်ဝန်းကျင်အခြေအနေအပါအဝင် အခြေအနေမျိုးစုံကို သေချာစဉ်းစား၊ စနစ်တကျစီစဉ်ပြီးမှ ပြည်ပကို အလုပ်လုပ်ဖို့ သွားရောက်စေချင်ပါတယ်။ အလုပ်ကို ဗန်းပြပြီး လူကုန်ကူးခံရမှုလိုမျိုး ပြဿနာတွေအပါအဝင် မတရားခံရနိုင်တဲ့ အခြေအနေတွေ အများကြီးရှိနေပါတယ်။ ပြီးတော့ ဒီလိုကိစ္စတွေဟာ အင်မတန်ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံတည်းနဲ့ ဖြေရှင်းလို့မရတာတွေလည်း ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အစိုးရချင်းချိတ်ဆက်ပြီးမှ ဖြေရှင်းပေးရတာမျိုးတွေရှိတယ်”**

### ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲ

ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

“ဒူဘိုင်းကို ၂၀၂၃ ခုနှစ် ဇွန်လမှာ သွားရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံမှာ အလုပ်လုပ်ရင်း ဝင်ငွေအဆင်မပြေတာနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ဒူဘိုင်းမြို့ကို သွားပြီး အလုပ်လုပ်ခဲ့ပါတယ်။ အိမ်ရှင်နဲ့ အဆင်ပြေပေမယ့် အိပ်ချိန်မလုံလောက်ပါဘူး။ ည ၂ နာရီခွဲမှာအိပ်ရပြီး မနက် ၅ နာရီထရပါတယ်။ လုပ်ခလစာရပေမယ့် အိပ်ရေးမဝတဲ့ဒဏ်ကြောင့် အလုပ်လုပ်ရတာ အဆင်မပြေကြောင်းနဲ့ နှစ်ပတ်မှာ တစ်ကြိမ် ဖုန်းသုံးခွင့်ရချိန်မှာ အိမ်ကိုလှမ်းပြီး ပြောတော့ လူကုန်တားအဖွဲ့ကို အိမ်ကမိဘတွေက အကူအညီတောင်းခံခဲ့ပါတယ်။ ဒူဘိုင်းမြို့က မြန်မာကောင်စစ်ဝန်ချုပ်ရုံးက အကူအညီပေးခဲ့တဲ့အတွက် မြန်မာပြည်ကို ပြန်လာခွင့်ရခဲ့တာပါ။ ယဉ်ကျေးမှု၊ ဘာသာစကားနဲ့ စားသောက်မှုပုံစံမတူတဲ့အတွက်လည်း အခက်အခဲများစွာရှိခဲ့ပါတယ်” ဟု ဆော်ဒီအာရေဗျနိုင်ငံ အဘူဒါဘီမြို့တွင် အလုပ်သွားရောက်လုပ်ကိုင်ပြီး မြန်မာနိုင်ငံသို့ပြန်လာခဲ့သူ မသက်သက်လင်းက နိုင်ငံပိုင်သတင်းစာများကို အင်တာဗျူးဖြေကြားထားသည်။

မြန်မာနိုင်ငံသားများ ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်ကြရာတွင် လိုအပ်သည့် အလုပ်သမားရေးရာ သတင်းအချက်အလက်များ သိရှိနိုင်ရန်အတွက် Safe Migration Facebook Page မှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနက သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိသည်။

Safe Migration Facebook Page မှတစ်ဆင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများမှ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ၊ အေဂျင်စီအစီအစဉ်ဖြင့် စေလွှတ်သည့် အလုပ်သမားများ၏ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (Overseas Worker Identification Card – OWIC) ပြုလုပ်ခွင့်ပြုသည့် စာရင်းများ၊ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းတက်ရောက်ခွင့်ပြုသည့် စာရင်းများကို စဉ်ဆက်မပြတ် ကြေညာပေးလျက်ရှိသည်။

### အစိုးရချင်းချိတ်ဆက် ဖြေရှင်းပေးရတာမျိုးတွေရှိ

“ဝင်ငွေရလမ်းကြောင်းတစ်ခုတည်းကို မစဉ်းစားဘဲ ကျွန်တဲ့ဘာသာစကား၊ ပတ်ဝန်းကျင်အခြေအနေအပါအဝင် အခြေအနေမျိုးစုံကို သေချာစဉ်းစား၊ စနစ်တကျစီစဉ်ပြီးမှ ပြည်ပကို အလုပ်လုပ်ဖို့ သွားရောက်စေချင်ပါတယ်။ အလုပ်ကို ဗန်းပြပြီး လူကုန်ကူးခံရမှုလိုမျိုး ပြဿနာတွေအပါအဝင် မတရားခံရနိုင်တဲ့အခြေအနေတွေ အများကြီးရှိနေပါတယ်။ ပြီးတော့ ဒီလိုကိစ္စတွေဟာ အင်မတန်ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံတည်းနဲ့ ဖြေရှင်းလို့မရတာတွေလည်း ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အစိုးရချင်း ချိတ်ဆက်ပြီးမှ ဖြေရှင်းပေးရတာမျိုးတွေရှိတယ်။ ဒါကြောင့်မို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ချိတ်ဆက်ဆောင်ရွက်မှု တစ်ခုဖြစ်တဲ့ အမေရိကန်အစိုးရရဲ့ ၂၀၂၃ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာပါ အကြံပြုချက်တွေကို နှစ်တိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါမှလည်း ပြည်ပမှာရောက်ရှိနေတဲ့ ကိုယ့်နိုင်ငံသားတွေကို အကာအကွယ်ပေးနိုင်မှာပါ”ဟု အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်သမားဝန်ကြီးဌာနက မြန်မာနိုင်ငံသားများ အများဆုံး သွားရောက်အလုပ်လုပ်ကိုင်ကြသည့် ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသည့် နိုင်ငံသားအလုပ်သမားများကို တရားဝင်ပြန်လည်လွှဲပြောင်း လက်ခံနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးသည့် နိုင်ငံသားအလုပ်သမားများကို သက်ဆိုင်ရာနယ်စပ်ဂိတ်များတွင် ကော်မတီများဖွဲ့စည်း၍ ပြန်လည်ကြိုဆိုလက်ခံလျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျား ၁၇၃၈ ဦး၊ မ ၆၀၆ ဦး စုစုပေါင်း ၂၃၄၄ ဦး ရှိခဲ့သည်။

### ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင်များ စီမံဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားအလုပ်သမားများကို အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံး၊ အထူးစီးပွားရေးဇုန် ရုံးသုံးရုံး ဖွင့်လှစ်၍ ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရရှိနိုင်ရန်အတွက် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအနေဖြင့် အလုပ်သမားမှတ်ပုံတင်နိုင်သည်။ ယင်းကဲ့သို့ အလုပ်သမားမှတ်ပုံတင်ထားသူများကို အလုပ်ရှင်များထံမှ အမှာစာများလက်ခံ၍ ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင် အခွင့်အလမ်း ရရှိအောင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

အကယ်၍ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဆက်သွယ်ဆောင်ရွက်နိုင်မည့် Complaint Mechanism Center များထားရှိကာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

### တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးလျက်ရှိ

မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများ၊ အလုပ်သမားသံအရာရှိရုံးများနှင့် ဝန်ကြီးဌာနသို့ သတင်းပေးတိုင်ကြားလာသည့် အလုပ်သမားရေးရာတိုင်ကြားမှုများကို အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လက်ခံဖြေရှင်းပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မေလအတွင်း စုစုပေါင်း တရားစွဲဆိုမှု လေးမှုရှိကြောင်း သိရသည်။

ထို့အတူ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံခြားသားအကြီးတန်းစီမံခန့်ခွဲသူများနှင့် ကျွမ်းကျင်ပညာရှင်များ၏ အလုပ်လုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar investment Com–mission–MIC) က ခွင့်ပြုပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် အဖွဲ့ဝင်အဖြစ်ပါဝင်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၁ (က) အရ နိုင်ငံခြားသား အလုပ်သမားမှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားများအား ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၇၇ အရ နိုင်ငံခြားသားအလုပ်သမားမှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံအတွက် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ လုပ်အားကို နိုင်ငံတော်အစိုးရအနေဖြင့် တန်ဖိုးထားသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားများ၏ လူမှုစီးပွားဘဝများအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး၊ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးတို့ကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့် နိုင်ငံသားအလုပ်သမားများ၏ အရေးကိစ္စများကို မေ့မထားဘဲ ပြည်ပတွင် အလုပ်လုပ်ကိုင်ပါက အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်ပသို့ ရောက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများ အမိမြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တင်ပြလိုက်ရပါသည်။ ။

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းတာဝန်ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းဆောင်ရွက်မည့် ဝန်ထမ်းများ၊ ကျေးရွာအဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းကို ယခင်နှစ်ကလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲ၊ အားနည်းချက်၊ အားသာချက်များအပေါ်အခြေခံပြီး လိုအပ်ချက်များမရှိအောင် ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလုပ်ငန်းကို အဓိကတာဝန်ယူဆောင်ရွက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းလုပ်ငန်းတာဝန်ခံများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ကြမည့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့လုပ်ငန်းထူထောင်ပေးလိုက်သော လုပ်ငန်းရှင်များ၏လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ပြီး တိုးတက်အောင်မြင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ကူညီပေးရန်နှင့် လုပ်ငန်းထူထောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော ဈေးကွက်ရရှိရေး၊ လုပ်ငန်းများ ထပ်မံတိုးချဲ့နိုင်ရေးတို့အတွက် MSME ချေးငွေနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတို့မှ ချေးငွေရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ဦးစီးမှူးများကိုလည်းကောင်း စီမံကိန်းလုပ်ငန်းတာဝန်များ ပေးအပ်ကြသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းဆောင်ရွက်မည့် ဝန်ထမ်းများ၊ ကျေးရွာအဖွဲ့ခေါင်းဆောင်များနှင့် သင်တန်းနည်းပြများသည် ယနေ့မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ရုံးချုပ်)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

Myanmar Electronic Voting Machine (MEVM) စက်အသုံးပြုမဲပေးခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုရှင်းလင်းလွယ်ကူပြီး စိတ်ချယုံကြည်မှု အပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ မဲပေးနိုင်ရေး၊ စမ်းသပ်မဲပေးခဲ့သည့် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲတွင် မိမိတို့ရွေးချယ်မဲပေးလိုသည့် ပါတီကို လွယ်ကူရှင်းလင်းစွာ မဲပေးနိုင်ရေး၊ ပယ်မဲများ မရှိတော့သည့်အတွက် မဲဆန္ဒရှင်များ၏မဲများ ပယ်မဲကြောင့် အဟောသိကံဖြစ်ခဲ့ရခြင်းမျိုး မရှိနိုင်တော့သည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ရေး၊ MEVM စက်အသုံးပြု မဲပေးခြင်းနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးတို့ကို မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။



ယနေ့အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ရုံးချုပ်) မှ ဝန်ထမ်းများ တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခိုလမ်မြို့၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ခိုလမ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့တွင် သစ်တောဦးစီးဌာနမှ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (ခိုလမ်)၌ ကျင်းပသည်။



အခမ်းအနားတွင် လွိုင်လင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုးက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ သစ်တောသစ်ပင်များ၏ ကောင်းကျိုးများကို အသိပညာပေး ပြောကြားသည်။ ဆက်လက်၍ လွိုင်လင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မျိုးက ဇီဝမျိုးစုံ မျိုးကွဲများအကြောင်း ဟောပြောပြီး ကျောင်းသားကျောင်းသားသူများ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် သစ်တောဦးစီးဌာနဝန်ထမ်းများက ကျောင်းဝင်းအတွင်း ကျွန်းပင် ၁၀၀ ကို ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခိုလမ် (ပြန်/ဆက်)**

# မကွေးမြို့၌ နှမ်းရိုးအခြေခံသဘာဝမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြ

**မကွေး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီးရှိ သမဝါယမအသင်းအဆင့်ဆင့်အား နှမ်းရိုးအခြေခံ သဘာဝမြေဩဇာထုတ်လုပ်မှုနှင့် EM(Effective Microorganism) ပြုလုပ်နည်း လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်မင်းက တက်ရောက်လာသော တိုင်းသမဝါယမအသင်းစုချုပ်မှ အမှုဆောင်များ၊ မြို့နယ် ၁၈ မြို့နယ်မှ မြို့နယ်ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် တိုင်းသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများအား နှမ်းရိုးအခြေခံ သဘာဝမြေဩဇာထုတ်လုပ်မှုနှင့် EM ဖော်စပ်နည်း၊ အသုံးပြုမည့်အချိန် အသင့်သုံး EM အဖြစ် ပြုလုပ်နည်း၊ အသင့်သုံး EM ဖြင့် နှမ်းရိုးသဘာဝမြေဩဇာ ပြုလုပ်နည်း၊ သီးပင်၊ စားပင်၊ သီးနှံများအတွက် EM အသုံးပြုနိုင်သည့်နည်းများ၊ နှမ်းရိုးသဘာဝမြေဩဇာ အသုံးပြုပုံနှင့် အကျိုးရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၂**

လက်ရှိဖြစ်ပွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဆိုင်းဘုတ်ဆိုက်ထူပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက လက်ရှိဖြစ်ပွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်စွဲ့ခင်မာဝင်းက အမှာစကားပြောကြားပြီး ရေသန့်ကတ် ၁၀၀ နှင့် ဓာတ်ဆားထုပ် ၅၀၀ နှင့် ငွေကျပ်ခြောက်သိန်းတို့ကို ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့် သာကေတမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်းတို့က လက်ခံရယူသည်။ **အာကာလင်း**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက် မအူလေးပင်ကျေးရွာရှိ ဇီဝဓိုးငှက်မွေးမြူရေးခြံအား ကြည့်ရှု



**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေ ဖြန့်ဖြူးပေးဝေနေသော ငလိုက်ရေလှောင်တမံကြီး သက်တမ်းရှည်ကြာစွာဖြင့် အကျိုးပြုစေနိုင်ရေး အထောက်အကူဖြစ်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် တမံအတွင်း ဝင်ရေလျော့နည်းလာမှုကို ကာကွယ်နိုင်ရေး၊ မြေဆီလွှာတိုက်စားမှု ကာကွယ်နိုင်ရေး၊ သဲနုန်းအနည်ကျလျော့နည်းစေရေး အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံ ရေဝေရေလဲဧရိယာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက မိုးရာသီ ဇူလိုင်လသည် သစ်ပင်စိုက်ပျိုးသည့်လဖြစ်ပြီး "ဥတုရာသီတောကိုမှီ" ဆိုသကဲ့သို့ သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းပါမှ သစ်တောဖုံးလွှမ်းမှု ဂေဟစနစ်ကောင်းမွန်ပြီး လူသန်းပေါင်းများစွာလိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင် အစရှိသော သစ်တောထွက်ပစ္စည်းအမျိုးမျိုးရရှိနိုင်သလို ရာသီဥတုပြောင်းလဲမှုကိုလည်း ထိန်းညှိပေးနိုင်သွားမည်ဖြစ်ကြောင်း၊ တမံရေဝေရေလဲဧရိယာများတွင် သစ်ပင်သစ်တောများ ရှင်သန်ကြီးထွား၍ သစ်တောဂေဟစနစ် ကောင်းမွန်လာစေရေး ဆောင်ရွက်ခြင်းအားဖြင့် ဆည်၊ တာတမံများ သက်တမ်းရှည်ကြာစွာအကျိုးဖြစ်ထွန်း၍ စိုက်ပျိုးရေ၊ သောက်သုံးရေပြည့်ဝဖူလုံစွာ ပေးဝေနိုင်ရေး၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် တမံဝင်ရေလျော့နည်းခြင်းမှ ကာကွယ်နိုင်ရေး စသည့်အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရေးအတွက်၊ သစ်တောသစ်ပင်များ ရှင်သန်ကြီးထွားနိုင်ရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူလူထုမှ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးကရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး **(ဓာတ်ပုံ)** နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာများတွင် သစ်ပင်များကိုစိုက်ပျိုးကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာများမှ ပြည်သူများက သတ်မှတ်နေရာများအလိုက် ရတနာတန်းဝင်ကျွန်း၊ တမာ၊ မန်ကျည်း စသည့် သစ်မျိုးသုံးမျိုး၊ အပင်ပေါင်း ၅၆၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မအူလေးပင်ကျေးရွာတွင် လုပ်ငန်းရှင် ဦးထင်လင်း၏ ဇီဝဓိုးငှက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးရာ ခြံတာဝန်ခံက ဇီဝဓိုးငှက်များ မွေးမြူထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံ(ဆိပ်ကမ်း)စက်မှုဇုန်၌ကျင်းပသည့် အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်ဆွေးနွေး



ရန်ကုန် ဇူလိုင် ၁၂

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။**

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ခံအရာထမ်းများ၊ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းရှင်များ၊ စက်ရုံ၊ အလုပ်ရုံများမှ HR မန်နေဂျာများနှင့် တာဝန်ခံကြီးကြပ်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှာဖွေသူနှင့် အလုပ်ရှင်များကို ချိတ်ဆက်ပေး၍ အလုပ်ခန့်ထားပေးခြင်း၊ လုပ်သားများအတွက် အခကြေးငွေနှင့် အချိန်ပို အခကြေးငွေများ သတ်မှတ်ရက်အတွင်း ခံစားစေခြင်း၊ လုပ်သက်ခွင့်၊ ရောဂါခံစားခွင့်၊ ဆေးလက်မှတ်ခွင့်နှင့် မီးဖွားခွင့်များ ဥပဒေနှင့်အညီ ခွင့်ပြုစေခြင်း၊ MSME လုပ်ငန်းတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ထူထောင်၍ ဘဏ္ဍာနှစ်အလိုက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း၊ OSH ဆိုင်ရာတာဝန်ခံခန့်အပ်စေခြင်း၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းစေရန် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များ ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ပေးနေသည့်အပြင် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံ အလုပ်သမားများကို သက်ဆိုင်ရာ အာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားစေခြင်းတို့ကို စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ CMP လုပ်ငန်း စနစ်တကျရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဆပ်ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များက တာဝန်ယူ တာဝန်ခံခြင်းဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊အလုပ်သမားရေးရာ အငြင်းပွားမှု လျော့နည်းပပျောက်စေရေးအတွက် စက်ရုံရှိ လူသားအရင်းအမြစ်များကို နေရာတကျအသုံးချ၍ လိုအပ်သည့် ထုတ်ကုန်များကို စံချိန်မီသတ်မှတ်ရက်အတွင်း ထုတ်လုပ်ပေးရန်လိုကြောင်း၊ လုပ်သားများ၏ သားသမီးများကို အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရသည့် လူငယ်လူရွယ်များ ဖြစ်လာစေရေး၊ မှန်ကန်သည့် အတွေးအခေါ် မြော်မြင်မှုများရရှိရေး ပြုစုပျိုးထောင်ပေးရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ခံအရာရှိက အလုပ်သမားရေးရာ ဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး နယ်မြေခံအလုပ်သမားရေးရာ အရာထမ်းများက စက်ရုံလုပ်သားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကာ အချိန်မရွေး ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ရှိ Mayfair (Myanmar) Industry Co., Ltd၊ Dong Chen Handbag (Myanmar) Co., Ltd၊ Golden Island အထည်ချုပ်စက်ရုံ **(အပေါ်ပုံ)** နှင့် Yangon Xie Hui ဖိနပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံ၊ မန်နေဂျာ၊ စက်ရုံ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေး ကော်မတီဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းနှီးစွာ တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရွှေကူမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်

**ရွှေကူ ဇူလိုင် ၁၂**

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၁၂ ရက်က အဆိုပါကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြတ်နွယ်က ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရွှေကူမြို့နယ် အ-ထ-က(၁)မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးနှင့် ရိုးရိုးအောင် ၆၁ ဦး စုစုပေါင်း အောင်မြင်သူ ၇၅ ဦးနှင့် ဆရာ ဆရာမ ၁၁ ဦးတို့ကို ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟားမားစ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားကြောင်း အမေရိကန်သမ္မတပြောကြား

ဂါဇာ ဇူလိုင် ၁၂

အစ္စရေးနှင့် ဟားမားစ်တို့သည် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီး ဟားမားစ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံများကို ပြန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်းတင်ပြခဲ့သည့်မူဘောင်ကို အစ္စရေးနှင့်ဟားမားစ် နှစ်ဖက်စလုံးက သဘောတူထားကြောင်း ဝါရှင်တန်ဒီစီတွင် ဇူလိုင် ၁၁ ရက်က သတင်းထောက်များကို ပြောကြားခဲ့သည်။ အသေးစိတ်အချက်အလက်များ ထုတ်ပြန်ရန်အတွက် အဆိုပါဒေသသို့ ၎င်း၏အဖွဲ့များ စေလွှတ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

သဘောတူညီချက် ကိစ္စရပ်များမှာ ရှုပ်ထွေးပြီး ခက်ခဲမှုများ ရှိနေသေးသည့်အတွက် ကွာဟချက်များ ကျန်ရှိနေသေးကြောင်း အမေရိကန်သမ္မတက ပြောသည်။

တိုးတက် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်းနှင့် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်နေကြောင်း၊ သဘောတူညီချက်ကို ပြီးမြောက်အောင် လုပ်ဆောင်ပြီး စစ်ပွဲကို အဆုံးသတ်ရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။

ဗဟို ထောက်လှမ်းရေး အေဂျင်စီညွှန်ကြားရေးမှူး ဘေးလ်ဘာန်းနှင့် အခြားသောအမေရိကန် အရာရှိများသည် အပစ်အခတ် ရပ်စဲရေးဆွေးနွေးရန် ယခုသီတင်းပတ်အတွင်း အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ကာ ဒေသတွင်း အရာရှိကြီးများနှင့် တွေ့ဆုံခဲ့သည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်။

## ဆီးရီးယားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများသည် သာမန်ပြည်သူများအပေါ် များစွာသက်ရောက်မှုရှိကြောင်း ကုလသမဂ္ဂအစီရင်ခံစာ ဖော်ပြ

ဘေရွတ် ဇူလိုင် ၁၂

ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများသည် နိုင်ငံတွင်းရှိ သာမန်လူတန်းစားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ပြင်းထန်စွာ ဂယက်ရိုက်စေခဲ့ကြောင်း ကုလသမဂ္ဂ အနောက်အာရှဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံတစ်ဝန်း ပိတ်ဆို့အရေးယူမှုကို ဆန့်ကျင်သည့် စစ်တမ်းဖြေဆိုသူများ၏ ၆၆ ရာခိုင်နှုန်းက ကျား-မ၊ ပညာရေး၊ အသက်အရွယ်၊ နိုင်ငံရေးဆက်နွယ်မှု သို့မဟုတ်ဒေသမခွဲခြားဘဲ နေ့စဉ်လူနေမှုဘဝအပေါ် ၎င်းတို့၏ ဆိုးကျိုးများကို ဖြစ်ပေါ်စေခဲ့ကြောင်း အစီရင်ခံစာတွင် ဖြေကြားထားသည်။ အဆိုပါ စစ်တမ်းတွင် ဆီးရီးယားနိုင်ငံသား စုစုပေါင်း ၁၁၇၉ ဦးက တုံ့ပြန်ဖြေကြားခဲ့ကြသည်။

ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများသည် မရှိမဖြစ်လိုအပ်သော လူမှုရေးဝန်ဆောင်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းကို နှောင့်ယှက်ခြင်း၊ ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများ၊ စက်ကိရိယာများတင်သွင်းခြင်း၊ ရေနှင့်တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပညာရေးဆိုင်ရာပစ္စည်းများကို လျော့ကျစေခြင်း စသည့် တိုက်ရိုက်အကျိုးသက်ရောက်မှုများအပြင် အခြားသောသွယ်ဝိုက်ထိခိုက်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ကြောင့်လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ အပါအဝင် အခြားသက်ဆိုင်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်၊ ဒဏ်ခတ်ပိတ်ဆို့မှုများ၏ ဂယက်ရိုက်ခတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ အသွင်ကူးပြောင်းမှုနှင့် တည်ငြိမ်အေးချမ်းမှုများဆောင်ရွက်ရန် ခံနိုင်ရည်အားတည်ဆောက်ရေးနှင့် တည်ငြိမ်အေးချမ်းမှုတည်ဆောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆီးရီးယားတွင် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းများ မြှင့်တင်ပေးရန် ကုလသမဂ္ဂက တောင်းဆိုခဲ့သည်။

ဆင်ဟွာ

## နိုင်ဂျာနိုင်ငံ၌ ပိုလီယိုရောဂါအတွက် ကလေးခုနစ်သန်းနီးပါး ကာကွယ်ဆေးထိုးရန်စီစဉ်

နီရာမေ ဇူလိုင် ၁၂

နိုင်ဂျာအစိုးရသည် နိုင်ငံအတွင်းနေထိုင်သည့် ကလေးခုနစ်သန်းနီးပါးကို အဓိကထား၍ မြို့တော်နီရာမေ၌ ဇူလိုင် ၁၁ ရက်မှစတင်ကာ ငါးရက်ကြာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်စတင်ခဲ့သည်။ အသက်ငါးနှစ်အောက်ကလေးငယ် ၆၈၄၂၄၉၁ ဦးရှိပြီး ယခုကာကွယ်ဆေးတိုက်ကျွေးသည့်အစီအစဉ်သည် ဇူလိုင် ၁၅ ရက်တွင် အဆုံးသတ်မည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ဂါဘာဟာကီမီက ပြောသည်။

ယခု ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်ကို ပြည်သူများ၊ အုပ်ချုပ်ရေးပိုင်းမှ အရာရှိများ၊ ဘာသာရေးခေါင်းဆောင်များပါ ပါဝင်ကြရန် ၎င်းကတိုက်တွန်းခဲ့သည်။ ပိုလီယိုသည် ဗိုင်းရပ်စ်ကြောင့် ဖြစ်သော ရောဂါဖြစ်ကာ ကိုယ်လက်အင်္ဂါကြောသေမှုကို ဖြစ်ပေါ်စေပြီး အချို့သောအခြေအနေများတွင် အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။

ဆင်ဟွာ

## ယခုနှစ် ပထမခြောက်လအတွင်း ငရုတ်ကောင်း ၁၄၂၅၈၆တန် ဗီယက်နမ် တင်ပို့

ဟနွိုင်း ဇူလိုင် ၁၂

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၆၃၄ ဒသမ ၂ သန်းတန်ဖိုးရှိ ငရုတ်ကောင်း ၁၄၂၅၈၆ တန် ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်များအသင်းမှ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

ငရုတ်ကောင်းအနက် တင်ပို့မှုစုစုပေါင်းတန်ဖိုး ဒေါ်လာ ၅၃၉ ဒသမ ၉ သန်းရှိပြီး ငရုတ်ကောင်းအဖြူတင်ပို့မှုမှာ ဒေါ်လာ ၉၄ ဒသမ ၃ သန်းရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် ၃၇၄၃၅ တန်(ရာခိုင်နှုန်းအားဖြင့် ၂၆ ဒသမ ၃ ရာခိုင်နှုန်း) ဖြင့် အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး နှစ်အလိုက် ၄၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းပျမ်းမျှတင်ပို့မှုဈေးနှုန်းမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ တိုးလာကြောင်း သိရသည်။

ဆင်ဟွာ



## နီပေါနိုင်ငံ၌ မြေပြိုမှုကြောင့် ၁၂ ဦး သေဆုံးပြီး ၆၅ ဦး ပျောက်ဆုံး

ခတ္တမန္ဒူ ဇူလိုင် ၁၂

နီပေါနိုင်ငံ၌ ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်အတွင်း သီးခြားစီဖြစ်ပွားခဲ့သော မြေပြိုမှုများကြောင့် ဘတ်စ်ကားများအတွင်း လိုက်ပါလာသည့် ၁၂ ဦး သေဆုံးကာ ၆၅ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောသည်။

ဇူလိုင် ၁၁ ရက် ညပိုင်းက ပေါ့ခ်ါဟာရာခရိုင်တွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း မိသားစုတစ်စုတည်းမှ ခုနစ်ဦးနှင့် အခြားသုံးဦး သေဆုံးခဲ့သည်ဟု သိရသည်။ ခရိုင်အတွင်း ၁၁ ဦး၏ အလောင်းများကို ပြန်လည်ရရှိပြီးဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘတ်စ်အန့်ကူမားရာမာက ပြောသည်။

ချစ်ဝန်ခရိုင်တွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း ဘတ်စ်ကား နှစ်စီးပေါ်တွင် လိုက်ပါလာသည့် လူပေါင်း ၆၅ ဦး ပျောက်ဆုံးခဲ့သည်။

အဆိုပါ ဘတ်စ်ကားနှစ်စီးစလုံးမှာ ထရီရှူလီမြစ်အတွင်းသို့ ကျဆင်းသွားသည်ဟု ယူဆရသည်။ ၎င်းတို့ကို ခြေရာခံလိုက်ရန် ကယ်ဆယ်ရေးအဖွဲ့များတွင် ရေငုပ်သမားများပါ ထည့်သွင်းထားခဲ့သည်ဟု ခရိုင်ရဲဌာန ပြောရေးဆိုခွင့်ရှိသူ ဘတ်ရိုရက်ဂျ်ရီဂျယ်က ဆင်ဟွာသို့ ပြောသည်။ နောက်ထပ် ဖြစ်ရပ်တစ်ခုမှာ ချစ်ဝန်ခရိုင် အဝေးပြေးလမ်းတွင် ယာဉ်မောင်းနေစဉ် ယာဉ်ပေါ်သို့ ကျောက်တုံး လိမ့်ကျခဲ့သည့်အတွက် ယာဉ်မောင်းသူ သေဆုံးခဲ့ရသည်။

နီပေါဝန်ကြီးချုပ် ပွတ်ရှ်ပါး ခမာလ်ဒဟာလ်က ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် လုံခြုံရေးတပ်ဖွဲ့များကို ညွှန်ကြားထားကြောင်း သိရသည်။ နီပေါနိုင်ငံတွင် မုတ်သုံရာသီဖြစ်သည့် ဇွန်လလယ်မှ အောက်တိုဘာ လဆန်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ရွှံ့နွံများ စီးဆင်းလာခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။

ဆင်ဟွာ



မြစ်အတွင်း ကျသွားသည့် ဘတ်စ်ကားပေါ်မှ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေသည့် ကယ်ဆယ်ရေး သမားများကို တွေ့ရစဉ်။

# ထုတ်ကုန်တိုးမြှင့်ခြင်းဖြင့် နိုင်ငံခြားငွေယိုစီးမှု ဟန့်တားနိုင်မည့် ပြည်တွင်းဖိနပ်လုပ်ငန်းများ

နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ ကျား၊ မ၊ လူကြီးလူငယ်မရွေး ဝတ်ဆင်ကြသည့် လူ့အသုံးအဆောင် အဆင်တန်ဆာတစ်ခုကိုပြပါဆိုလျှင် ဖိနပ်ကို ပြရမည်ဖြစ်သည်။ ဖိနပ်သည် လူတစ်ဦးချင်း၏ နေ့စဉ်တစ်ကိုယ်ရေ အသုံးအဆောင်အတွက် မရှိမဖြစ်လည်း ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူသားများသည် လွန်လေပြီးသော ရှေးနှစ်ပေါင်းများစွာကတည်းက နေဒဏ်၊ မိုးဒဏ်၊ ဆူးငြောင့်ခလုတ်တံသင်းဒဏ်မှ ကင်းဝေးစေရန် ၎င်းတို့ဝတ်ဆင်မည့် ခြေနင်းဖိနပ်များကို နေထိုင်ရာ နေရာဒေသအပေါ်မူတည်၍ တိရစ္ဆာန်သားရေများ၊ ကောက်ရိုးများ၊ သစ်သားများဖြင့် ကိုယ်တိုင်တီထွင်ဝတ်ဆင်ခဲ့ကြသည်။

ထိုမှတစ်ဆင့် နှစ်ပေါင်းများစွာကြာလာပြီးနောက် ခေတ်ကာလရေစီးကြောင်း တစ်စထက်တစ်စ ပြောင်းလဲလာမှုနှင့်အတူ ရော်ဘာ၊ သားရေ၊ ပစ္စည်းများဖြင့် ပေါင်းစပ်ကာ ခေတ်မီစက်များဖြင့် တစ်နည်း၊ လက်မှုနည်းဖြင့် တစ်သွယ် နည်းလမ်းမျိုးစုံဖြင့် ပြုလုပ်ထားသော ခေတ်မီဆန်းသစ်လှပသော ဖိနပ်များကို ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း စီးလာခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စီးနင်းနေကြသည့် ဖိနပ်များသည် ပြည်တွင်းထွက် ရော်ဘာကုန်ကြမ်း ၈၅ ရာခိုင်နှုန်း၊ ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်း ၁၅ ရာခိုင်နှုန်း အသုံးပြုကာ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် လိုက်ဖက်မှုရှိသော ဆက်စပ်ပစ္စည်းများဖြင့် ပေါင်းစပ်ဖန်တီး ချုပ်လုပ်ထားခြင်းဖြစ်သည်။

**ပြည်ပဖိနပ်များနှင့်အပြိုင်ရောင်းချ**

ရန်ကုန်၊ မန္တလေးအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဖိနပ်လုပ်ငန်းများမှ ချုပ်လုပ်သောရိုးရာဖိနပ်များ၊ ရိုးရိုးခြေညှပ်ဖိနပ်များ၊ ပွဲနေပွဲထိုင်ဖိနပ်များ၊ ကတ္တီပါဖိနပ်များ၊ ခေတ်မီဒီဇိုင်းဖြင့် ဖန်တီးချုပ်လုပ်ထားသော ကွင်းထိုးဖိနပ်၊ ရှူးဖိနပ်၊ ဒေါက်မြင့်ဖိနပ်စသည့်ပြည်တွင်းဖြစ် ဖိနပ်များကို ပြည်ပမှတင်သွင်းလာသော ဖိနပ်များနှင့် အပြိုင်ဈေးကွက်တင် ရောင်းချနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

**“ခြေညှပ်ရိုးရိုးပဲ စီးတဲ့လူတွေရှိသလို ပုံဆန်းကြိုက်တဲ့သူတွေရှိတယ်။ အကြိုက်ချင်းတော့ မတူကြဘူးပေ့ါ။ အခုနောက်ပိုင်း ပြည်တွင်းဖြစ် ဖိနပ်လေးတွေ လှလာတယ်။ မိန်းကလေးအများစုက ကြိုက်ကြတယ်။ တချို့ဖိနပ်တွေဆို နိုင်ငံခြားဖိနပ်တွေအတိုင်းပဲ ချုပ်ထားတာ။ ဘာဖြစ်ဖြစ် နိုင်ခံ့တယ်ဆို အဲဒီတံဆိပ်က အရောင်းသွက်တာပါပဲ”** ဟု ဖိနပ်ဆိုင်တစ်ခုမှ မအေးနွယ်က ပြောသည်။



ပြည်တွင်းထွက် ရော်ဘာကုန်ကြမ်းဖြင့် ပြုလုပ်သည့် ဖိနပ်လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

ပြည်တွင်းဖိနပ်ဈေးကွက်အခြေအနေကို လေ့လာကြည့်ရာတွင် ဖိနပ်ဈေးကွက်၏ ၇၅ ရာခိုင်နှုန်းကို အိမ်နီးချင်းပြည်ပနိုင်ငံများက ထိုးဖောက်နေရာယူထားပြီး ၂၅ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်းဖိနပ်များက နေရာယူထားနိုင်သည်ကို တွေ့ရသည်။

ပြည်တွင်း ဈေးကွက်တင်ပို့ရောင်းချမှုကို အကြမ်းအားဖြင့် တွက်ချက်ကြည့်လျှင် တစ်လလျှင် ဖိနပ်အရန်ရေ လေးသန်းနီးပါးရှိသည်ဟု ဆိုသော်လည်း ထို လေးသန်းဟူသည့် ပမာဏသည် လူဦးရေသန်း ၅၀ ကျော် နေထိုင်သော မြန်မာနိုင်ငံရှိ ဖိနပ်စီးနိုင်သည့် လူဦးရေနှင့် အချိုးချကြည့်လျှင် ဖိနပ်ရောင်းချမှုနှင့် လူဦးရေအချိုးက များစွာကွာဟနေသေးသည်ဖြစ်ရာ ပြည်တွင်းထုတ်ဖိနပ်များသည် ပြည်ပမှဝင်ရောက်လာသည့် ဖိနပ်များကို ဈေးကွက်အားဖြင့် မယှဉ်နိုင်သေးသည့်အနေအထားတစ်ခုဟု ဆိုရမည်ဖြစ်သည်။

**“အိမ်နီးချင်းနိုင်ငံက ကာလာမျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖိနပ်တွေ ကြောက်စရာကောင်းလောက်အောင် ကွန်တိန်နာတွေနဲ့အပြည့် ဝင်လာတာ။ သူတို့ကို ကျွန်တော်တို့က မယှဉ်နိုင်ဘူး။ ထုတ်လုပ်မှုအားအများကြီးနဲ့ ဝင်လာတာ။ သူတို့ရဲ့ ဈေးနှုန်းကို ကျွန်တော်တို့က မယှဉ်နိုင်ဘူး။ သူတို့က အရန်ရေ များများရောင်းပြီး အမြတ်ငွေသဲ့ယူတာ။ မြန်မာပြည်က သုံးလကို တစ်ခါပဲ အရန်သန်း ၄၀ ဝယ်ဦး။ တစ်နှစ်ပတ်လုံးဆိုတွက်ကြည့် သန်းပေါင်းများစွာ ပြည်တွင်းလုပ်ငန်းရှင်တွေ ဆုံးရှုံးတယ်”** ဟု ကေသုံးလုံးဖိနပ်လုပ်ငန်းရှင် ဦးကံညွန့်က ပြောသည်။

ထိုသို့ဖြစ်ရခြင်းမှာ မြန်မာပြည် ဖိနပ်လုပ်ငန်းသည် စက်အင်အားထက် လူ၏လက်မှုအင်အားကို အဓိကအသုံးပြုကာ ပြုလုပ်ခြင်းကြောင့် ဈေးကွက်တွင်းလိုသလောက်မဖြန့်ဖြူးနိုင်ခြင်း၊ လုပ်ငန်းရှင်များက မိမိတို့ဖိနပ်၏ အရည်အသွေးကို ထိန်းမထားနိုင်ခြင်း၊ ပြည်ပမှ ဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းတချို့ မှာယူရာတွင် ခက်ခဲခြင်း၊ ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့်ဟု မြန်မာနိုင်ငံ ဖိနပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

**ဈေးကွက်ပြန်လည်ရယူနိုင်ရန်ကြိုးပမ်း**

သို့ရာတွင် လတ်တလောအခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပမှ ကုန်စည်ဝင်ရောက်လာနိုင်မှု လမ်းကြောင်းများနှောင့်နှေးနေသည့် ယခုလို အချိန်ကာလသည် ပြည်တွင်း ဖိနပ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဈေးကွက်ကို ပြန်လည်ရယူနိုင်ရန် အစွမ်းကုန်ကြိုးပမ်းသင့်သည့်အချိန်ကာလပင် ဖြစ်သည်။

မြန်မာနိုင်ငံ ဖိနပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကံညွန့်က **“အခုလိုအချိန်မှာ ကိုယ်က အခွင့်ကောင်းယူနိုင်ရမယ်။ ဒါအခွင့်အရေး၊ အခုချိန်က တစ်ဖက်နိုင်ငံက ပစ္စည်းတွေမဝင်လာနိုင်သေးဘူး။ ကျွန်တော်တို့က ထုတ်လုပ်မှုအားကို မြှင့်တင်ပြီးတော့ တိုးထုတ်ကြမယ်။ ကျွန်တော်တို့ ဈေးကွက်ကို ကျွန်တော်တို့ ပြန်သိမ်းထားနိုင်မယ်ဆိုရင် သူတို့ ဝင်တိုးလို့ မရနိုင်တော့ဘူး”** ဟု ဆိုသည်။

ကိုဗစ် ၁၉ ရောဂါ မဖြစ်ပွားခင်က ပြည်တွင်းထုတ်ဖိနပ်များကို ပြည်ပအိမ်နီးချင်းနိုင်ငံအချို့သို့ တင်ပို့ခဲ့ရပြီး ဈေးကွက်ဝယ်လိုအား အမြင့်ဆုံးနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်သည်။



သုံးစွဲသူအကြိုက် ပြည်တွင်းထုတ် ဖိနပ်အမျိုးမျိုးကို တွေ့ရစဉ်။

ထို့ပြင် ဖိနပ်လုပ်ငန်းသည် ပြည်တွင်းထုတ်ရော်ဘာကိုအခြေခံထားသည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းလုပ်ဆောင်ရာတွင် စွန့်ပစ်ပစ္စည်းအနည်းဆုံးနှင့် ဘေးထွက်စွန့်ပစ်ပစ္စည်းများသည်ပင် ပြန်လည်ရောင်းချနိုင်သည့်လုပ်ငန်းမျိုးဖြစ်သည်။

“ဖိနပ်ဘေးကထွက်လာတဲ့ အစတွေ၊ လှီးလို့ထွက်လာတဲ့ အစတွေကို ပြန်ပြီးတော့ ဝယ်တဲ့သူတွေရှိတယ်။ ဖိနပ်သမားတစ်ယောက်က စုလိုက်မယ်ဆိုရင် အနည်းဆုံး သိန်း ၅၀ နဲ့ သိန်း ၁၀၀ ကြား ပြန်ရတယ်။ စွန့်ပစ်ပစ္စည်းတွေက ဆုံးရှုံးတာမရှိဘူး။ လုပ်ငန်းထဲမှာ zero waste က ဖိနပ်လုပ်ငန်းတစ်ခုပဲရှိတယ်” ဟု ဖိနပ်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

> **“ဖိနပ်လုပ်ငန်းသည် တိမ်မြုပ်ပျောက်ကွယ်သွားမည့်လုပ်ငန်းမျိုးကား မဟုတ်ချေ။ ဖိနပ်လုပ်ငန်းရှင်များအနေဖြင့် ခေတ်ကိုမျက်ခြည်မပြတ်စောင့်ကြည့်ကာ ထူးခြားဆန်းသစ်လှပသောဖိနပ်များ တီထွင်ဖန်တီးခြင်းဖြင့် ဈေးကွက်အသာစီးရရေး ကြိုးပမ်းကြရမည်ဖြစ် ”**

ဖိနပ်လုပ်ငန်းသည် များသောအားဖြင့် လူနေရပ်ကွက်အတွင်း တည်ရှိပြီး လုပ်ငန်းတွင် အသုံးပြုသောကုန်ကြမ်းပစ္စည်းအများစုသည် မီးလောင်လွယ်သည့် ပစ္စည်းများဖြစ်သည့်အတွက် မီးဘေးအန္တရာယ်နှင့် ဖိနပ်လုပ်ငန်းမှ ထွက်ရှိသည့် အနံ့ဆိုးများနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်လာနိုင်သည့် အခြေအနေများလည်းရှိရာ လုပ်ငန်းရှင်နှင့် ရပ်ကွက်နေပြည်သူများကြား မကြာခဏဆိုသလို ပွတ်တိုက်သံများ ကြားရလေ့ရှိသည်။

**“မီးလောင်ပြီဆို ကြည့်လိုက် အကြိမ်တစ်ရာဆို ၄၅ ကြိမ်လောက်က ဖိနပ်ရုံကပဲ။ သူတို့လုပ်ငန်းက လောင်စာတွေချည်းပဲ။ ဖိနပ်လုပ်လို့ရှိရင် ခြေရင်းခေါင်းရင်းက မခံနိုင်ဘူး၊ ဖိနပ်သုတ်တဲ့ ကော်က တော်တော်နံတယ်။ ပန်းနာရင်ကျပ်ရောဂါသည်တွေ မခံနိုင်ဘူး။ ကျန်းမာရေးရုံးတို့၊ စည်ပင်တို့ အကြိမ်ပေါင်းများစွာ ပတ်ဝန်းကျင်က တိုင်တာ၊ တိုင်တဲ့သူအပြစ် မဟုတ်ဘူး။ အမှန်က ဒီလုပ်ငန်းတွေက သီးသန့်အနေနဲ့ ရှိသင့်တာ၊ အခုတော့ လူနေအိမ်တွေနဲ့ ကပ်နေတော့စိတ်ရှုပ်စရာပေ့ါ”** ဟု ဖိနပ်လုပ်ငန်းတစ်ခုအနီးတွင်နေထိုင်သည့် ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

**ဖိနပ်သီးသန့်ဇုန်မရှိသေး**

မြန်မာနိုင်ငံရှိ စက်မှုဇုန်များကို လေ့လာကြည့်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက်စုစည်းကာ ဇုန်အသီးသီးဖော်ဆောင်ထားသော်လည်း ဖိနပ်လုပ်ငန်းများ စုစည်းကာ သတ်မှတ်ဖော်ဆောင်ထားသည့် သီးသန့်ဇုန်ဟူ၍ မရှိသေးကြောင်း သိရသည်။

**“ကျွန်တော်တို့အတွက် စက်မှုရပ်ကွက်ပုံစံလေး ဖော်ဆောင်ပေးစေချင်တာ။ ဖိနပ်သမားတွေချည်းပဲ။ သူလဲလုပ် ကိုယ်လဲလုပ်ဆိုတော့ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်တော့ဘူး။ နေရာရှိချင်းအားဖြင့် အကုန်အဆင်ပြေသွားမယ်၊ မျိုးတူစုလိုက်ရင် ဈေးကွက်ရော၊ မီးဘေးရော၊ လေဘာက သိန်းနဲ့ချီရှိတယ်။ တစ်နေရာတည်းဆို အလုပ်အကိုင်လာလျှောက်ရင် ကြိုက်တဲ့အလုပ်ရုံဝင်လျှောက်ရုံပေ့ါ”** ဟု ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကြာသေးမီကာလကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ကျဲပြန့်နေသော ဖိနပ်လုပ်ငန်းရှင်များ စုစည်းကာ ဖိနပ်လုပ်ငန်းအဘက်ဘက်မှ တိုးတက်စေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ အဖွဲ့ချုပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ ဖိနပ်လုပ်ငန်းရှင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ထိုအသင်းမှ ပြည်တွင်းလုပ်ငန်းရှင်များအတွက် လိုအပ်သောနည်းပညာ၊ ငွေကြေး၊ အခက်အခဲများ၊ ပြည်တွင်း၊ ပြည်ပဈေးကွက် ချဲ့ထွင်ထိုးဖောက်နိုင်ရေး၊ နိုင်ငံခြားငွေယိုစီးမှု ဟန့်တားနိုင်ရေး၊ လုပ်ငန်းရှင်များ တစ်စုတစ်စည်းတည်း လုပ်ငန်း ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မည်သို့ပင် ဆိုစေကာမူ ဖိနပ်ကုန်ကြမ်းမှသည် ကုန်ချောအဆင့် လှပသည့် ဖိနပ်တစ်ရန်ဖြစ်လာစေရန်

*စာမျက်နှာ ၁၅ သို့*




# ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များ တွေ့ဆုံပွဲ (၂၀၂၄) သို့ တက်ရောက်မည့် မြန်မာကျောင်းသားလူငယ်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၂**

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ (Fukuoka) အခြေစိုက် အာရှပစိဖိတ်ဒေသ ကလေးများဆိုင်ရာကွန်ဗင်းရှင်း (Asian-Pacific Children's Convention - APCC) မှ ဦးစီး၍ ဖူကူအိုကာမြို့တွင် ဇူလိုင် ၁၃ ရက်မှ ၂၂ ရက်အထိကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များ တွေ့ဆုံစခန်းချပွဲ (BRIDGE Summer Camp - 2024) သို့ Junior Ambassador အဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်မည့် အခြေခံပညာ ကျောင်းသား ကျောင်းသူ လူငယ်လေးဦးဖြစ်သော မောင်လင်းထက်ပိုင် (အထက-၁၊ ဒဂုံ)၊ မောင်ဘုန်းဇေဟိန်း (ကမာရွတ်လေ့ကျင့်ရေးကျောင်း TTC ၊ ရန်ကုန်)၊ မသွန်းသက်ထားအောင် (အထက-၁၊ ဒဂုံ)၊ မရှင်းသန့်ဖြူ (အထက-၂၊ မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယ လှသောင်းကျောင်း)တို့အား မြန်မာ-ဂျပန်အသင်း (MJA) မှ အတွင်းရေးမှူးဖြစ်သူ ဒေါက်တာဌေးလွင်မှ အုပ်ချုပ်သူအဖြစ် ဦးစီးလိုက်ပါ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇူလိုင် ၁၂ ရက် ညနေတွင် ထိုင်းလေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာ - ဂျပန်အသင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာမိဘအုပ်ထိန်းသူများမှလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့။

မြန်မာကျောင်းသားလူငယ်အဖွဲ့သည် ၁၀ ရက်ကြာ စခန်းချကာလအတွင်း အခြားအာရှ - ပစိဖိတ်ဒေသ ၄၈ နိုင်ငံမှ ကျောင်းသားလူငယ်များနှင့်အတူ စခန်းဝင်တွေ့ဆုံခြင်း၊ အသက်ရွယ်တူ ဂျပန်ကျောင်းသား ကျောင်းသူများ၏ ကျောင်းများသို့ အတူသွားရောက်လေ့လာခြင်းနှင့် ဂျပန်ကျောင်းသား ကျောင်းသူများ၏ နေအိမ်တွင် Home Stay နေထိုင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စခန်းချကာလအတွင်း ပါဝင်တက်ရောက်ကြသည့် နိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများ၏ ယဉ်ကျေးမှုပွဲတော်အစီအစဉ်ဖြစ်သော "We are the BRIDGE Festival - 2024" ကို ဇူလိုင် ၁၉ ရက် ဒေသစံတော်ချိန် ၂ နာရီခွဲမှ ၆ နာရီအထိ ဖူကူအိုကာမြို့ Marine House တွင် ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံချင်းအလိုက် ကပြဖျော်ဖြေကြရမည်ဖြစ်ပြီး မြန်မာကျောင်းသားလူငယ်အဖွဲ့သည့် အစီအစဉ်(၁၆) အဖြစ် ဒေသစံတော်ချိန် ၃ နာရီ ၄၅ မိနစ်၊ မြန်မာစံတော်ချိန် ၁ နာရီ ၁၅ မိနစ်တွင် ဖျော်ဖြေရမည်ဖြစ်ပြီး ယဉ်ကျေးမှုပွဲတော်အစီအစဉ်များကို ZOOM Meeting ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံမှ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများ၊ သက်ဆိုင်ရာကျောင်းများမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားသူများအနေဖြင့် ဝင်ရောက်ကြည့်ရှုလိုပါက ZOOM Meeting Link နှင့် Meeting ID များကို မြန်မာ-ဂျပန်အသင်းရုံး ရန်ကုန်တွင် ဆက်သွယ်စုံစမ်း ရယူနိုင်ကြောင်း သိရသည်။

မြန်မာကျောင်းသားလူငယ်အဖွဲ့သည် ဂျပန်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(TICA)မှ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(TICA) မှ တာဝန်ရှိသူများသည် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အဆိုပြုတင်ပြထားသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(TICA)အနေဖြင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ရွေးချယ်တင်ပြထားသော လုပ်ငန်းရှင် ခုနစ်ဦးအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ပထမအကြိမ် Online မှတွေ့ဆုံ၍ ဆွေးနွေးခဲ့ပြီး ယခုအခါတွင် လုပ်ငန်းဆောင်ရွက်လည်ပတ်နေမှုများကို မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(TICA)မှ တာဝန်ရှိသူများသည် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ "စောနေလ" စားသောက်ကုန်လုပ်ငန်း၊ "Green Gold" အထွေထွေစက်မှုလက်မှု လုပ်ငန်း၊ "နေပြည်တော်ပုံရိပ်သစ်" အထွေထွေလုပ်ငန်း၊ "ချမ်းမြေ့မေတ္တာ" ကျောက်စိမ်းနှင့်ကျောက်ပန်းချီလုပ်ငန်း၊ "အလင်္ကာ" အထွေထွေလက်မှုလုပ်ငန်း၊ "K-Farm (ကင်ချီ)" စားသောက်ကုန် လုပ်ငန်း၊ "မင်းမဟာ" ကုံကုမံသက်စောင့်အားဖြည့်ယိုလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြပြီး TICA မှ တာဝန်ရှိသူများက လိုအပ်သည်များနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယခုအခါတွင် TICA မှ အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အမျိုးသားစားနပ်ရိက္ခာအဖွဲ့တို့မှ ကျွမ်းကျင်သူများသည် MSME လုပ်ငန်းရှင် ခုနစ်ဦး၏ လုပ်ငန်းများဆောင်ရွက်နေမှုကို မြေပြင်ကွင်းဆင်း၍ အချက်အလက်များ ကောက်ယူခြင်းကို ဇူလိုင် ၉ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီး သင့်လျော်သည့် လုပ်ငန်းရှင်များကို ရွေးချယ်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (Project on Development of Micro Enterprise) စီမံကိန်း လုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များမှ လိုအပ်သည့် အဆင့်မြင့်နည်းပညာများ သင်ကြားနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်း လိုအပ်ချက်များအတွက် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပျဉ်းမနား)**



*စာမျက်နှာ ၁၄ မှ*

ဖြစ်ကျော်သည့် လုပ်ငန်းအဆင့်ဆင့်တွင် ကုန်ထမ်း အလုပ်ကြမ်းသမားမှသည် ကျွမ်းကျင်လုပ်သားအလယ်၊ ဈေးကွက်ရှာဖွေရေးအဆုံး ကလေး၊ လူကြီး၊ ကျား၊ မ အရွယ်စုံ လုပ်သားအင်အား အများအပြားအပြင် ဖိနပ်လုပ်ငန်းနှင့်ဆက်စပ်မှုရှိသော လုပ်ငန်းများလည်း ပါဝင်နေသည်ဖြစ်ရာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးနိုင်သည့် လုပ်ငန်းတစ်ခုဟုဆိုလျှင် မှားမည်မထင်ပေ။

**ဈေးကွက်အသာစီးရရေး**

ဖိနပ်လုပ်ငန်းသည် တိမ်မြုပ်ပျောက်ကွယ်သွားမည့် လုပ်ငန်းမျိုးကား မဟုတ်ချေ။ ဖိနပ်လုပ်ငန်းရှင်များအနေဖြင့် ခေတ်ကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ ထူးခြားဆန်းသစ်လှပသောဖိနပ်များ တီထွင်ဖန်တီးခြင်းဖြင့် ဈေးကွက်အသာစီးရရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

အသေးစား၊ စက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနအောက်ရှိ ပြည်တွင်းဖိနပ် လုပ်ငန်းရှင်များအနေဖြင့် ပြည်ပသွင်းကုန် ဖိနပ်များ ဝင်ရောက်လာမှုအားနည်းသည့် အခြေအနေနှင့် တိုက်ဆိုင်နေသည့် ယခုလိုအချိန်အခါမျိုးတွင် အရည်အသွေးမီ လှပသေသပ်သော ပြည်ပသွင်းကုန် အစားထိုးအဆင့်မြင့်ဖိနပ်များ ပိုမိုထုတ်လုပ်၍ မိမိတို့၏ ပြည်တွင်းဈေးကွက်ကို အခိုင်အမာပြန်လည်ရယူပြီး နိုင်ငံခြားငွေယိုစီးမှုကို တစ်ဖက်တစ်လမ်းမှ ဟန့်တားနိုင်ရေး၊ အခါအခွင့်သင့်လာပါက (Made in Myanmar) တံဆိပ်ကပ်နှိပ်ထားသည့် ပြည်တွင်းထုတ်ဖိနပ်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

**သတင်းဆောင်းပါး- နဒီမင်း၊**
**ဓာတ်ပုံ- နေဇော်**

# ညောင်လေးပင်မြို့နယ်၌ ကောက်စိုက်စက် (လက်ဆွဲ)ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ညောင်လေးပင် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ညွှန်ကြားမှု၊ ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး ကောက်စိုက်စက် (လက်ဆွဲ)ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဝဲဝန်းကျေးရွာ ကွင်းအမှတ် (၃၄၆ - က) ဦးပိုင်အမှတ် (၂၄) တောင်သူဦးသန်းလှိုင်၏လယ်မြေဧက ၁၂ ဧကရှိ ဆင်းသုခစပါးခင်း၌ ဆောင်ရွက်သည်။

ကွင်းသရုပ်ပြပွဲသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်အဆင့်စိုက်ကြပ်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဆန်းနိုင်တို့က ကောက်စိုက်စက် (လက်ဆွဲ) စက်၏ စွမ်းဆောင်ချက်များနှင့် အထွက်နှုန်းကောင်းအောင်စိုက်ပျိုးရေး နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ဝန်ထမ်းများ လက်တွေ့သရုပ်ပြစိုက်ပျိုးပေးကြသည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ဒေသခံတောင်သူများ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ လုပ်သားရှားပါးမှုကို ဖြေလျှော့နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးတို့အတွက် ရည်ရွယ်ပြီးဆောင်ရွက်ခြင်းဖြစ်ကြောင်း ကွင်းဆင်းသရုပ်ပြပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူ ၈၀ ခန့် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

# စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**မုံရွာ ဇူလိုင် ၁၂**

မြစ်ချောင်းများအတွင်း ငါးသယံဇာတပေါများစေရေး၊ မြို့ပြနှင့်ကျေးလက်နေပြည်သူများ ငါးစားသုံးမှုဖူလုံစေရေးအတွက် ချင်းတွင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအနီး၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါက်တာစုမျိုးသွယ်က ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်းတို့ကို ချင်းတွင်းမြစ်အတွင်း တပျော်တပါး စိုက်ထည့်ပေးသည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချင်းတွင်းမြစ်အတွင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၆၀၀၀၀ နှင့် မုံရွာမြို့ ကန်သာယာကန်အတွင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၀၀၀၀၀ တို့ကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





## နယ်စပ်ကုန်သွယ်ရေးစနစ်အသစ်၊ ပုံစံအသစ်ဖြင့် ပြေးဆွဲသည့် ရန်ကုန် - ရနောင်း ကွန်တိန်နာသင်္ဘောကြီး ရနောင်းမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာ

**ကော့သောင်း ဇူလိုင် ၁၂**

နယ်စပ်ကုန်သွယ်ရေးစနစ်အသစ်၊ ပုံစံအသစ်ဖြင့်ပြေးဆွဲသည့် ရန်ကုန်-ရနောင်းကွန်တိန်နာသင်္ဘောကြီး ရနောင်းမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ကွန်တိန်နာသင်္ဘောကြီး MV. BEPORE SULTAN မှာ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းမှ အချိုရည်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တန် ၄၉၀ပါ ကွန်တိန်နာ ပေ ၄၀ ၁၆ လုံး၊ ပေ ၂၀ ၁၉လုံး ပြန်လည်တင်ဆောင်ကာ ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စစ်ဆေးမှုကို ခံယူကာ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ပထမဆုံးအကြိမ်အဖြစ် ပြေးဆွဲသည့် ရန်ကုန် - ရနောင်းနယ်စပ်ကုန်သွယ်ရေးကွန်တိန်နာသင်္ဘောကြီးမှာ ဇူလိုင် ၁၁ ရက်က ရနောင်းမှ ကုန်စည်များတင်ဆောင်ကာ မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရောက်ရှိလာပြီး Check Point တွင် အစစ်ဆေးခံခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့တွင် ရေဝင်မှုဖြစ်ပွား

**ရွှေတောင် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့ရှိ မြေနိမ့်ပိုင်းနေရာများတွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရွှေတောင်မြို့နယ်အတွင်း ယွန်းတန်းရပ်ကွက်၊ သရက်တောရပ်ကွက်၊ မင်းတဲကျွန်းအုပ်စုနှင့် သောင်ပြင်ကုန်းအုပ်စုတို့ရှိ အိမ်ခြေ ၂၅၉ အိမ်၊ အိမ်ထောင်စု ၂၆၃ စု၊ လူဦးရေ ၉၂၁ ဦးတို့ ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးရှောင်ပြည်သူများအား ယွန်းတန်းရပ်ကွက် အေးစေတီဘုရားဝင်း၊ မင်းတဲကျွန်းအုပ်စု ဆုတောင်းပြည့်ဘုရားဝင်းနှင့် နီးစပ်ရာဆွေမျိုးများထံသို့ ပြောင်းရွှေ့နေထိုင်စေပြီး ရေဘေးသင့်အိမ်ထောင်စုများ၏ သောက်သုံးရေ၊ စားဝတ်နေရေးအဆင်ပြေရန်အတွက် ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေးအနီးကျေးရွာများတွင် မြစ်ရေဝင်ရောက်

**ပွင့်ဖြူ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေးအနီး ကျေးရွာများ ဖြစ်သည့် သံကိုင်းကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ ကူကြီးကျေးရွာ၊ နန်းတော်ကျွန်းကျေးရွာ၊ ထူးကျေးရွာ၊ ငှက်တောကုန်း ကျေးရွာ၊ ငါးခြောက်ကျွန်းကျေးရွာတို့ အပါအဝင် ကျေးရွာ ၁၁ ရွာ၌ မြစ်ရေဝင်ရောက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာဒေသခံပြည်သူများထံမှ သိရသည်။



"ကျွန်တော်တို့ နန်းတော်ကျွန်းကျေးရွာမှာ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာတွင်းလမ်းတွေနဲ့ လူနေအိမ်ဝိုင်းတွေမှာ မြစ်ရေဝင်ရောက်မှုတွေ ရှိနေပါတယ်။ ယခုလို မြစ်ရေတိုးတဲ့အချိန်တွေမှာ ကျေးရွာတွင်း ရေဝင်ရောက်မှုတွေ နှစ်စဉ်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ မြစ်ရေဝင်ရောက်မှု ရှိနေပေမယ့် လူနေအိမ်တွေ ပြောင်းရွှေ့ရတာမျိုးတော့ မရှိပါဘူး။ ကျွဲ၊ နွား တိရစ္ဆာန်တွေကို ရေဘေးလွတ်ရာ ကုန်းမြင့်တွေရှိတဲ့နေရာတွေမှာ သွားရောက်ရွှေ့ပြောင်းထားရပါတယ်" ဟု ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်လေ့ရှိသည့် မြစ်ကမ်းဘေးတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများကို ရေဘေးအန္တရာယ်နှင့် မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ် လုပ်ငန်းကြီးကြပ်မှုကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာနိုင်ရေး ကြိုတင်အသိပေးဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် လိုအပ်သော ကူညီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရမည်းသင်း ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ရမည်းသင်းခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးသိန်းထိုက်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ လုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ရက်အထိ ရမည်းသင်းမြို့နယ်အတွင်း အဖွဲ့ ၄၀ ဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချောက်မြို့၌ ရေဘေးရှောင်ပြည်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများပေးအပ်

**ချောက် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာ၍ မြစ်ကမ်းနားတစ်လျှောက် မြစ်ရေများ ဝင်ရောက်လာသဖြင့် ရေဝင်ရောက်သည့် အိမ်ထောင်စုများမှ ပြည်သူများအား ရေကင်းလွတ်ရာ နေရာများသို့ပြောင်းရွှေ့ပေးခဲ့ပြီး ရေဘေးရှောင်ပြည်သူ ၃၄၄ ဦးအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၇၂၂၄၀၀ ပေးအပ်ခြင်းနှင့်ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရေဘေးရှောင်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးသက်ဦးက ရေဘေးရှောင်ပြည်သူများအား သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်ရေးနှင့် မြွေအန္တရာယ်သတိပြုကာကွယ်နိုင်ရေး ကျန်းမာရေးအသိပညာပေးဟောပြောသည်။

ထိုသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် အမှတ် (၄) ရပ်ကွက်မှ ရေဘေးရှောင် အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၄၇ ဦး၊ အမှတ်(၃)ရပ်ကွက်မှ ရေဘေးရှောင် အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၉၇ ဦး၊ အမှတ်(၇) ရပ်ကွက်မှ ရေဘေးရှောင် အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၀၀ စုစုပေါင်း လူဦးရေ ၃၄၄ ဦးအတွက် လူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ဆန်ရိက္ခာထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၇၂၂၄၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# မလှိုင်မြို့၌ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့်စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**မလှိုင် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတို့တွင်ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဇူလိုင် ၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓေယျာအောင်သံအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဓမ္မာစရိယ တစ်ကျမ်းအောင် ခြောက်ပါး၊ ပထမကြီးတန်းအောင် သုံးပါး၊ ပထမလတ်တန်းအောင် သုံးပါး၊ ပထမငယ်တန်းအောင် ၂၁ ပါး၊ အခြေပြုမူလတန်းအောင် ၁၅ ပါး စုစုပေါင်း စာအောင်သံဃာနှင့် သာသနာ့နွယ်ဝင်သီလရှင် ၃၃ ပါးတို့အား စာအောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေ ၇၅ သိန်းကျော် ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

❒ ကျောဖုံးမှ

ဖြစ်သည်။ ထွန်းမင်းအောင်သည် ဗီယက်နမ်ဖိုက်တာ တူရန်ကွမ်ထရန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နှစ်ဦးစလုံး လက်ရည်ကွာခြားမှုမရှိဘဲ တတိယအချီ တစ်မိနစ်တစ်စက္ကန့်တွင် ထွန်းမင်းအောင်၏ တံတောင်ရိုက်ချက်မိပြီး ဗီယက်နမ်ဖိုက်တာ ဆက်လက်မယှဉ်ပြိုင်နိုင်သဖြင့် ထွန်းမင်းအောင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထွန်းမင်းအောင်သည် ONE Championship နှင့် လက်တွဲအပြီး ပထမဆုံးထိုးသတ်သည့်ပွဲတွင် အရေးနိမ့်ထားကာ ယခုပွဲရလဒ်မှာ အရေးပါနေသဖြင့် ပွဲစကတည်းက အကောင်းဆုံး ထိုးသတ်ခဲ့သည်။

ထွန်းမင်းအောင်သည် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သဖြင့် ONE Championship အဖွဲ့အစည်း CEO ချက်သရီဆစ်ယိုထောင်း ချီးမြှင့်သည့် အပိုဆုကြေး ဘတ်သုံးသိန်းခွဲရရှိခဲ့သည်။

**ညီမြတ်သော်တာ**

ဓာတ်ပုံ-ONE Championship

# ဒုတိယပိုင်းသွင်းဂိုးများဖြင့် မြန်မာနှင့် အိန္ဒိယအမျိုးသမီးအသင်း သရေကျ

**ရန်ကုန် ဇူလိုင် ၁၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ဇူလိုင် ၁၂ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမခြေစမ်းပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ယခုပွဲတွင် သရေကျခဲ့သည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်သော်လည်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၄၇ မိနစ်တွင် ပီယာရီဆာဆာက အိန္ဒိယအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် နှစ်မိနစ်အကြာမှာပင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး ဝင်းသီဂီထွန်းက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံးဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် တစ်ဂိုးစီသရေရလဒ် အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

❖ ကျောဖုံးမှ

ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်ခန့် (၁၁၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဆိပ်သာမြို့ တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့် (၅၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့် (၆၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၉၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၈၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ် ဇီးကုန်းရပ်ကွက်နာဂရိုးရာကွင်း၊ နှစ်ချင်းအသင်းတော်ခရစ်ယာန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ဇီးဖြူကုန်း)နှင့် နားမေတ္တာရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် မြစ်ရေကြီးမှုနှင့်အတူ ပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များကို ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖူလ်ဟမ်ကွင်းလယ်ကစားသမား ပေါလင်ဟာ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့

ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းသည် ဖူလ်ဟမ်အသင်းမှ ကွင်းလယ်ကစားသမား ဂျာအိုပေါလင်ဟာကို အပိုဆုကြေး ပေါင် ၄ ဒသမ ၂ သန်းအပြင် ပြောင်းရွှေ့ကြေး ပေါင် ၄၂ ဒသမ ၃ သန်းဖြင့် ၂၀၂၈ ခုနှစ် ဇွန်လအထိ စာချုပ်ခေါ်ယူလိုက်ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ပေါလင်ဟာသည် ဖူလ်ဟမ် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၇၉ ပွဲပါဝင်ကစားထားပြီး ရှစ်ဂိုး သွင်းယူပေးထားနိုင်သည်။ ၎င်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းအတွက်လည်း လေးပွဲပါဝင်ကစားထားသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်တောင်ပံကစားသမား မိုက်ကယ်အိုလစ်ကိုလည်း ခေါ်ယူထားသည်။

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပါအိုလီနီ ပထမဆုံးအကြိမ် တက်လှမ်း

တင်းနစ်မယ် ဂျက်စမင်းပါအိုလီနီသည် ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ခရိုအေးရှားတင်းနစ်မယ် ဒွန်နာဗီကစ်ကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည်ဗီကစ်ကိုအကြိတ်အနယ်ကစားခဲ့ရပြီး ၂-၆၊ ၆-၄၊ ၇-၆ (၁၀-၈) ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်သည့် ပထမဆုံး အီတလီတင်းနစ်မယ် ဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်မှာ ၂ နာရီနှင့် ၅၁ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရသည့်အတွက် ဝင်ဘယ်ဒန်ပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ အကြာဆုံး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပါအိုလီနီသည် ဗိုလ်လုပွဲတွင် ချက်ဇ်တင်းနစ်မယ် ဘာဘိုရာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH

# မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ဖြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

➤ **ဖြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။

➤ **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

➤ **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

➤ **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြားဖိကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

➤ **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ-**

➤ အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။

➤ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

➤ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။

➤ ရေကို ကျိုချက်၍သောက်သုံးပါ။

➤ အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။

➤ အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။

➤ ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ဇူလိုင်၊ ၂၀၂၄

# မင်းဘူး(စကု)မြို့နယ်၌ မြေနိမ့်ပိုင်းကျေးရွာအချို့သို့ မြစ်ရေဝင်ရောက်၍ ကျောင်းငါးကျောင်း ယာယီပိတ်ထားရ



**မင်းဘူး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ ယခုရက်ပိုင်း ရောဝတီမြစ်ရေ တဖြည်းဖြည်းမြင့်တက်လာပြီး မြစ်ရေ ဝင်ရောက်မှုများကြောင့် ရောဝတီမြစ်ကမ်း ဘေးရှိ မြေနိမ့်ပိုင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့တွင် မြစ်ရေများ စတင် ဝင်ရောက်နေပြီဖြစ်ကာ စာသင်ကျောင်း ငါးကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ဇူလိုင် ၁၁ ရက်မှစ၍ ရောဝတီမြစ်ရေဝင်ရောက်မှု ကြောင့် မန်းကြိုးကျေးရွာအုပ်စု မန်းကြိုး ကျေးရွာနှင့် ထုံမကြီးကျေးရွာတို့မှ အိမ်ထောင်စုပေါင်း ၇၁ စု၊ လူဦးရေ ၁၈၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များကို ရေဘေး လွတ်ရာ ကျောက်ကုန်း၊ ပေတောဘုန်းတော်ကြီးကျောင်း၊ သံကန်တန်း(၇) နှင့် အောက်ကျောင်းဓမ္မာရုံတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ယာယီ ပြောင်းရွှေ့ပေးထားကြောင်း၊ ထို့ပြင် မြို့နယ်အတွင်းရှိ အထက(ခွဲ) ပေါက်ငူ၊ အထက(ခွဲ) သနပ္ပင်စု၊ အလက နိဗ္ဗာန်ကျွန်း၊ အမက (မူလွန်)ပဒေသာ ကျွန်းနှင့် အမကထုံးမကြီးကျောင်း ငါးကျောင်းတို့ကို မြစ်ရေပြန်ကျသည့် အချိန်ထိ ယာယီပိတ်ထားရကြောင်း မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

မြို့နယ်အတွင်းရှိ ရောဝတီမြစ်ကမ်းဘေးတစ်လျှောက် မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား ယာယီ ကယ်ဆယ်ရေးစခန်းများနှင့် ရေဘေး လွတ်ရာနေရာများသို့ ကြိုတင်ပြောင်းရွှေ့ နေထိုင်ကြရန် ခရိုင်/မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက မီးသတ် ဦးစီးဌာနမှ စက်လှေဖြင့် လိုက်လံနှိုးဆော် ခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်၏ ရောဝတီ မြစ်ရေ စိုးရိမ်ရေမှတ်သည် ၁၇၀၀ စင်တီ မီတာဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင်လ ၁၁ ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၅၅၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်သို့ရောက်ရှိရန် ၁၄၅ စင်တီ မီတာသာလိုတော့ကြောင်း၊ ယခု မြစ်ရေ ဝင်ရောက်သည့် ဒေသများမှာ မြစ်ကမ်း ဘေး မြေနိမ့်ပိုင်းဒေသများဖြစ်၍ နှစ်စဉ် မြစ်ရေတက်ချိန်တွင် ပုံမှန်မြစ်ရေ ဝင်ရောက်လေ့ရှိသည့် ဒေသများဖြစ် ကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ သိရသည်။

**မောင်မောင်**
**(မင်းဘူး)**

# ညောင်ဦးမြို့၌ ရေဘေးသင့်အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေး



**ညောင်ဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ရောဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် အမှတ်(၁)ရပ်ကွက် နှင့် အမှတ်(၂)ရပ်ကွက်တို့မှ ရေဘေးသင့် အိမ်ထောင်စုများအား အန္တရာယ်ကင်းဝေး စေရန်နှင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် ဇူလိုင် ၁၁ ရက်တွင် ခရိုင်နှင့် မြို့နယ် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးထား ကြောင်း သိရသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်၏ ကြီးကြပ်မှုဖြင့် ခရိုင်နှင့်မြို့နယ် ရှာဖွေ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၅)အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၄၁၃ စုအား ယာယီရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် ရေဘေးရှောင်စခန်း ၁၅ နေရာသို့ နေရာများ ခွဲ၍ ကူညီရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ညောင်ဦးမြို့၌ ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၁၂ ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက် အရ ၂၂၄၇ စင်တင်မီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်အထက် လေးပေ နှစ်လက်မ ခန့် ကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက် ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကို လည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစု ဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့် ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ် ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ် အသက်ကယ်ပစ္စည်းများကို ကြိုတင် ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများ အနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသသတင်းများ ကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြား သူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်း တစ်လျှောက်တွင် လျှပ်တစ်ပြက် ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြု ကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာ နှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင် ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြား ချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများ အနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသသတင်းများ ကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးန်း ခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထား သော ရေ(သို့) ရေသန့်ဆေးခတ်ထား သော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံ အတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင် ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ် သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက် ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများ အနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြု လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ် ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်း ခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်း များ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာ သို့ အကြောင်းကြားပြီး ကူညီရှင်းလင်း ပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေ ဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ် များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန် ကြေညာခြင်း မဟုတ်သည့် ကောလာ ဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက် ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိ သည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော်ခန့် (၁၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခန့် (၂၄၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် (၁၆၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခန့် (၂၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၂ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၀ ကျပ် | ၂၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၀ ကျပ် | ၂၇၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၂၀ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကသာမြို့၌ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းများဆောင်ရွက်ပေး

**ကသာ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဧရာဝတီမြစ်နှင့်နီးစပ်သော မြေနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာများမှ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းတို့ကို ဇူလိုင် ၉ ရက်က မဟာလေးထပ်ကျောင်းဇရပ်နှင့် ရပ်ကွက်(၃) ဓမ္မာရုံတို့၌ ဆောင်ရွက်သည်။



ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၀၄၀ စင်တီမီတာအထက် ကျော်လွန်ရောက်ရှိခဲ့သည့်အတွက် ဧရာဝတီမြစ်နှင့်နီးစပ်သော မြေနိမ့်ပိုင်းတွင် နေထိုင်ကြသည့် ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၈ စု၊ လူဦးရေ ၆၀၈ ဦးတို့အား တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၂၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၅၃၆၀၀ ကို သွားရောက်ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

ဧရာဝတီမြစ်နှင့်နီးစပ်သော မြေနိမ့်ပိုင်းတွင် နေထိုင်ကြသည့် ရပ်ကွက် / ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကသာခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစိုးသူအန်းနှင့် ကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**လှူအောင်(ကသာ)**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၄၀ | ၆၃၁၂၀၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၆၃၄၅ | ၂၁၂၅၅၇၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၃၁ | ၁၀၇၄၂၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၃၅၆ | ၅၉၇၄၅၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၁၃၆ | ၃၆၈၂၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၇၂၀၅ | ၁၂၂၄၈၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၆၅၀ | ၃၆၀၀ | ၁၉ | ၆၈၉၀၀ |

# သန္တိသုခ

## “ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်-၄၉၉၊ (၅)လွှာရှိ လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ဖော်ပြပါ သန္တိသုခ အမှတ်တံဆိပ်ကို မူပိုင်အဖြစ် သုံးစွဲရန် တိုင်းရင်းဆေးဝါး မှတ်ပုံတင်လက်မှတ်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်တို့အား လွန်ခဲ့သော (၁၀)နှစ်ခန့်ကတည်းကရရှိခဲ့ပါသည်။ တိုင်းရင်းဆေးဝါးထု တ်လုပ်ခွင့်လိုင်စင်လက်ဝယ်ရရှိလျက်ရှိသည့် လွန်ခဲ့သော(၁၀)နှစ်ခန့်မှစ၍ ယနေ့ထက်တိုင် စဉ်ဆက်မပြတ် ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။ ကုန်အမှတ်တံဆိပ်မှာ အောက်တွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်ပါသည်-




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **“သန္တိသုခ”**ဟူသော အမည်အမှတ်အသားဖြင့် သွေးတိုးကျဆေးမှ စ၍ တိုင်းရင်းဆေးဝါးမျိုးစုံတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံသူ/သားများ၏အားပေးမှုကြောင့် ကောင်းသတင်းဖြင့် ဆယ်စုနှစ်များစွာ ကျော်ကြားလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား **“သန္တိသုခ”** ရှေ့မှ စာသားထည့်သွင်းခြင်း၊ ဖြည့်စွက်ခြင်း၊ နောက်မှစာသား ဖြည့်စွက်ခြင်း၊ ထည့်သွင်းခြင်းဖြင့် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် စားသုံးသူရဟန်းရှင်လူ၊ မိတ်ဆွေများအနေဖြင့် **“သန္တိသုခ”** သွေးတိုးကျအမှတ်တံဆိပ်ပါဆေးကို သေချာစွာ စိစစ်ရွေးချယ်၊ ဝယ်ယူသုံးစွဲခြင်းဖြင့် **“သန္တိသုခ”** တိုင်းရင်းဆေးအာနိသင်များ အပြည့်အဝရရှိနိုင်ကြပါစေဟု ကျေးဇူးတင်စွာဖြင့် အသိပေးနှိုးဆော်လျက် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၄)**
**ဖုန်း-၀၉-၇၆၅၁၁၃၉၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၂)၊ ငါးပိ၊ငါးခြောက်၊ငါးပြာရည်ကုန်ဇုန်(၃)၊ ပုလဲလမ်းနှင့်(၅)လမ်းထောင့်၊ မြေကွက်အမှတ် (၄၉)၊ အကျယ်အဝန်း (၂၀၀ပေ× ၂၀၀ပေ)ရှိ ဦးကျော်ဝင်းအောင်(၁၂/တမန(နိုင်)၀၉၃၆၄၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်းအောင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂) (ဆေးဝါး)/ဒု-ကြီးကြပ်ရေးမှူး (ဆေးဝါး) (လစာနှုန်း၊၂၁၆၀၀၀ိ - ၂၀၀၀-၂၂၆၀၀၀ိ) | (၂၀)နေရာ | B.Pharm, M.Sc(Chemistry), M.Sc(Industrial Chemistry) |
| (ခ) | ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊၂၁၆၀၀၀ိ - ၂၀၀၀-၂၂၆၀၀၀ိ) | (၁၅)နေရာ | B.V.Sc,M.Sc (Industrial Chemistry), M.Sc(Food Biotechnology), M.Sc(Biochemistry), B.Comm.H, B.Agr.Sc, အခြေခံသိပ္ပံဘွဲ့တစ်ခုခုနှင့် Postgraduate.D.F.T |
| (ဂ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) (လစာနှုန်း၊၂၁၆၀၀၀ိ -၂၀၀၀ -၂၂၆၀၀၀ိ) | (၁၀)နေရာ | B.E(Chemical), B.Med.Tech, Master of Food Technology, M.Sc(Chemistry), M.Sc(Industrial Chemistry) |
| (ဃ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (လစာနှုန်း၊ ၁၈၀၀၀၀ိ -၂၀၀၀ -၁၉၀၀၀၀ိ) | (၂၀)နေရာ | GradeII(Laboratory Technician) အောင်မြင်ပြီးသူ/တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (င) | ယာဉ်မောင်း(၅) (လစာနှုန်း၊ ၁၆၂၀၀၀ိ -၂၀၀၀ -၁၇၂၀၀၀ိ) | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီး ယာဉ်မောင်းလိုင်စင် (ခ)ရရှိပြီးအနည်းဆုံး လိုင်စင်သက်တမ်း(၂)နှစ်ရှိသူဖြစ်ရမည်။ |
| (စ) | ရုံးအကူ (လစာနှုန်း၊ ၁၄၄၀၀၀ိ -၂၀၀၀ -၁၅၄၀၀၀ိ) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဆ) | လုပ်သား(ဓာတ်ခွဲ) (လစာနှုန်း၊ ၁၄၄၀၀၀ိ -၂၀၀၀ -၁၅၄၀၀၀ိ) | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဇ) | သန့်ရှင်းရေးအကူ (လစာနှုန်း၊ ၁၄၄၀၀၀ိ -၂၀၀၀ -၁၅၄၀၀၀ိ) | (၅) နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဈ) | လုပ်သား(အစောင့်) (လစာနှုန်း၊ ၁၄၄၀၀၀ိ -၂၀၀၀ -၁၅၄၀၀၀ိ) | (၅) နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်-

(က) ပညာအရည်အချင်းထောက်ခံချက်

(၁) အမှတ်စဉ်၁။(က)မှ(ဃ)အထိအတွက် ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူ၊
(၂) အမှတ်စဉ်၁။(စ)အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊
(၃) အမှတ်စဉ်၁။(င)နှင့်(ဆ)အတွက် အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊
(၄) အမှတ်စဉ်၁။(ဇ)နှင့်(ဈ)အတွက်အခြေခံပညာမူလတန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ (ပညာအရည်အချင်းထောက်ခံချက်အတွက် အောင်လက်မှတ်ကို မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်၊
(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း ထောက်ခံချက်မူရင်း၊
(စ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဖက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်၊
(ဆ) အမှတ်စဉ် ၁။(က)မှ(ဂ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊
(ဇ) အမှတ်စဉ် ၁။ (ဃ)မှ(ဈ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိတာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊
(ဈ) အမှတ်စဉ်၁။(ဃ)ပါဓာတ်ခွဲခန်းကျွမ်းကျင်-၄ ရာထူးသို့ လျှောက်ထားသူများအား ၎င်းရာထူးနေရာများကို ကျောထောက်နောက်ခံပြု၍ (လစာနှုန်း၊ ၁၆၂၀၀၀ိ-၂၀၀၀-၁၇၂၀၀၀ိ)ရာထူးနေရာတွင် အလုပ်သင်အဖြစ် စတင်ခန့်ထားမည်ဖြစ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ ထောက်ခံချက် ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ် မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို(၂၃-၈-၂၀၂၄) ရက်နေ့ ၁၆:၃၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့်မပြည့်စုံ သူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို နေပြည်တော်အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ Food and Drug Administration. Facebook နှင့် FDA Website-www.fda.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇၃ - ၄၀၃၈၄၇၊ ၀၆၇၃ - ၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမည်ပြောင်း

မန္တလေးမြို့၊ NPS Private School၊ Grade - 4 တွင် ပညာသင်ကြားနေသော(ဘ)ဦးဝေလင်းဖြိုး ၁၄/ဝခမ(နိုင်)၁၅၆၃၀၇ ၏ သမီးဖြစ်သူ မခိုင်သီရိထက်စံအား ယနေ့မှစ၍ မခိုင်ငြိမ်းစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ဦးသီဟ၏သား မော်လမြိုင်မြို့၊ အမှတ်(၇)အ.လ.က၊ Grade-4 (B)တန်းမှ မောင်ကေအောင်ကြီးအား မောင်ခန့်ထည်ဝါဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ထည်ဝါ**

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊အ.ထ.က (၁)၊ Grade - 12မှ မောင်ကျော်ဇင်ဝင်း၏ မိဘအမည်မှန်မှာ ဦးရာမ်ဒါရာလ် ၉/ပဥလ(ဧည့်)၀၀၀၁၄၈ နှင့် ဒေါ်လာလ်စရီ ၉/မမန(နိုင်)၀၂၃ ၂၇၅ ဖြစ်ပါကြောင်း။

**ဦးရာမ်ဒါရာလ် ၊**
**ဒေါ်လာလ်စရီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အလယ်ကုန်းရပ်ကွက်၊ အကွက် အမှတ်-M၊ ရေလဲတောင်ရပ်၊ ဦးပိုင်အမှတ်- ၁၁က၊ ဧရိယာ (၀.၁၀၁)ဧကရှိ လူနေခြံမြေကွက်အား ဒေါ်ဌေးဌေးထံမှ ဦးနိုင်နိုင်ဦး (ဘ)ဦးမျိုးကျော် ၁၂/လကန(နိုင်)၂၁၄၉၀၄ နှင့် ဒေါ်မြတ်အိအိခိုင် (ဘ)ဦးမြင့်ဆွေ၊ ၇/သဝတ(နိုင်)၁၂၄၃၇၂ တို့မှ အရောင်းအဝယ် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပြီး၊ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ဦးနိုင်နိုင်ဦးနှင့် ဒေါ်မြတ်အိအိခိုင်တို့မှ (၃ခ)အမည်ပြောင်း လျှောက်ထားမည်ဖြစ်၍ အမည်ပြောင်း လျှောက်ထားခြင်းကို ကန့်ကွက်လိုလျှင် အထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် (၃ခ)အအမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက် လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်နိုင်ဦးနှင့် ဒေါ်မြတ်အိအိခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းငြိမ်းကိုကိုထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၁၇)**
**အမှတ်(၇)၊ ဗိုလ်မြဒင်လမ်း၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၂၃၆၇၅၁၇၁**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က(တောင်နီ) Grade-12 (A)မှ နန်းမိုးမိုးအေး၏ ဖခင်အမည်မှန်မှာ ဦးညိုကြီး ၁၃/တကန(နိုင်)၁၇၅၃၈၇ ဖြစ်ပါကြောင်း။ **ဦးညိုကြီး**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်မှန်

မိုင်းပွန်မြို့၊ အ.လ.က(မြို့မ)မှ ကျောင်းအုပ် ဒေါ်နန်းစံခမ်းဦးနှင့် ဒေါ်နန်းခမ်းဦး ၁၃/ကသန(နိုင်)၀၁၉၆၂၃ မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၆-၁၂-၁၉၈၅) ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/1470 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရေနံမကျေးရွာ၊ အထကကျောင်း၊ Grade-11 မှ မောင်မင်းချစ်ကို ၏ ဖခင်အမည်မှန်မှာ ဦးကိုကိုဦး ၈/မလန(နိုင်)၀၆၈၄၆၂ ဖြစ်ပါသည်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/4674 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ အထက(ခတ်ချို)၊ Grade-5(A) မှ မယုယုထင်၏ မိဘအမည်မှန်မှာ ဦးအိုက်ဆန် ၁၃/သပန(နိုင်)၀၃၄၇၇၅ နှင့် ဒေါ်ညိုညိုဝင်း ၁/မကန(နိုင်) ၁၀၀၁၆၂ ဖြစ်ပါသည်။

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/6819, BAJAJ-200,3Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ GENUINE Auto Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/1913,Zong Shen (ZBM 150 ZK-A),Three Wheel vehicle(Passanger) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းနိုင် ၉/အမရ(နိုင်)၁၆၀၇၅၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၂၇၇၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်)၁၀၂၀၆၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်**
**ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၅၀၄၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ELC. ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၁/ရကန(နိုင်)၀၄၃၄၅၁ ဖြစ်ပါကြောင်း။

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ ဒေါ်မေသွင်ကျော် ၇/ဝမန(နိုင်)၁၇၃၆၁၈၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မူရင်း)၊ ဥပဒေဘွဲ့(ယာယီ၊ မူရင်း)၊ တက္ကသိုလ်ဝင်အောင်လက်မှတ်(မူရင်း)တို့တွင် မမေသွင်ကျော်ဟု ဖော်ပြထားပြီး၊ အိမ်ထောင်စုလူဦးရေစာရင်းတွင် မမေသွင်ကျော်(ခ)မနန္ဒာမင်းဟု ဖော်ပြထား၍ အမည်နှစ်မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာဖြစ်ပါကြောင်း။

ဒေါ်မေသွင်ကျော်(ခ)
ဒေါ်နန္ဒာမင်း
၇/ဝမန(နိုင်)၁၇၃၆၁၈

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မုဒုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉

တပ်သား ချဲလင်းဦး — တရားလို
နှင့်
မသွန်းအိန္ဒြာကျော် — တရားပြိုင်

အုတ်တွင်းမြို့၊ အမှတ်(၆)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းနေ(ဘ)ဦးအေးမင်း၏ သမီး ဖြစ်သူ မသွန်းအိန္ဒြာကျော်၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုတပ်သားချဲလင်းဦးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလို မှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှိ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၉ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထု ချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးသက်မောင်)
တွဲဖက်မြို့နယ်တရားသူကြီး
မုဒုံမြို့နယ်တရားရုံး

## ဒေါက်တာရဲဇော် ဖိတ်ခေါ်စာပေပြိုင်ပွဲ အတွက် ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်ခြင်း

ဆရာကြီးဇေယျ၏ (၁၂၅)နှစ်မြောက် မြန်မာ့မျက်ပွင့် E-Library စာကြည့်တိုက် (၁၀)နှစ်မြောက်အထိမ်းအမှတ်နှင့် မြန်မာ့စာဆိုတော်ကြီးများအား ပူဇော်ခြင်းအထိမ်းအမှတ် အနေဖြင့် ဒေါက်တာရဲဇော်(ဇီးကုန်း)က ဆုချီးမြှင့်ပေးမည့်-

ဇီးကုန်းမြို့သား နက္ခတ္တဗေဒနှင့် အယူတော်မင်္ဂလာပညာရှင် ဒေါက်တာရဲဇော်၏ လှူဒါန်းငွေများဖြင့် အထက်ဖော်ပြပါ အထိမ်းအမှတ် အလွတ်တန်းစာပေပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြပါသည်။

ချီးမြှင့်မည့် စာမူအမျိုးအစားများမှာ ဝတ္ထုတိုဆု၊ ကဗျာဆုနှင့် ဆောင်းပါးဆု (၃)မျိုးဖြစ်ပြီး၊ ပထမဆု ကျပ် ၅၀၀၀၀၀/-၊ ဒုတိယဆု ကျပ် ၃၀၀၀၀၀/-၊ တတိယဆု ကျပ် ၂၀၀၀၀၀/-နှင့် အထူးဆု(၂)ဆု ကျပ် ၁၀၀၀၀၀/-စီ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ **"စာပေနှင့်လူ့ဘဝခရီး"**ခေါင်းစဉ် အကြောင်းခြင်းရာနှင့် လျော်ညီစွာရေးသားကြရပါမည်။

- ဝတ္ထုတို - A4 (၁၀)မျက်နှာ
- ဆောင်းပါး - A4 (၈)မျက်နှာမှ (၁၀)မျက်နှာအထိ
- ကဗျာ - မြန်မာကဗျာစပ်ထုံးစပ်နည်းနှင့်ညီရမည်။ ကဗျာတစ်ပုဒ်လျှင် ပါဒ(၁၀၀)မှ (၂၀၀)အတွင်း ရေးရမည်။ လေးလုံးစပ်ကဗျာတွင် စာလုံး(လေး)လုံးသည် တစ်ပါဒဖြစ်၍ အချိုးကဗျာများတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။

စာမူအားလုံးကို ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူ(၂)စုံစီ ပေးပို့ကြရပါမည်။

စာမူပေးပို့ကြရာတွင် မိမိတို့၏ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ စာမူနှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ကိုယ်တိုင်ရေးသားခြင်းဖြစ်ကြောင်း၊ မည်သည့်စာနယ်ဇင်းများတွင်မျှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်များပါရှိကြရပါမည်။

စာမူများကို **"ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့၊ မြန်မာ့မျက်ပွင့်စာကြည့်တိုက်၊ ရန်ကုန်-ပြည်ကားလမ်း"**သို့ (၃၀-၉-၂၀၂၄)ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်းနှင့် ဖုန်းနံပါတ်- ၀၉-၄၂၇၂၀၃၆၆၊ ၀၉-၄၂၃၆၉၈၄၂၅၊ ၀၉-၇၅၅၈၅၉၃၅၀၊ ၀၉-၄၀၁၅၉၉၇၁၈ များသို့ ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၆၆)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၉ ခုနှစ် ၊ တရားမဇာရီမှုအမှတ် – ၈

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ) နှင့် — ၁။ ဦးသန်းဆွေ
(၎င်းကိုယ်စား လက်ထောက်အထွေထွေမန်နေဂျာ — ၂။ ဒေါ်တင်တင်ခိုင်
ဒေါ်သန်းသန်းရှိန်)
(ဒီကရီအနိုင်ရသူ) — (တရားရှုံးများ)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက် (၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းများစာရင်း**

(က) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ မြေကွက် အမှတ် (၃၆/က-၂)၊ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ ၀.၄၅၈ ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**ကြမ်းခင်းဈေးငွေကျပ် ၈၈၀၀၀ သိန်း(ကျပ်သိန်းရှစ်သောင်းရှစ်ထောင်တိတိ)**

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (စက်မှုဇုန်)၊ မြေကွက် အမှတ် (၁၅၆)၊ ဧရိယာ ၁.၀၄၈ ဧကရှိ နှစ်(၆၀) စက်မှုမြေငှားဂရန်မြေနှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**ကြမ်းခင်းဈေးငွေကျပ် ၈၅၀၀ သိန်း (ကျပ်သိန်းရှစ်ထောင့်ငါးရာတိတိ)**

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀/-လျှင် ၂၅/- ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချ သည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅) ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံ တင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(သီတာကျော်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၂)၊ ဦးပိုင်အမှတ် (၆၀)၊ ၁၇X ၁၈လမ်းကြား၊ ၈၃X၈၆လမ်းကြားရှိ ဦးပြေအေးအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးပြေအေး၊ မိခင် ဒေါ်ခင်စန်း၊ သား ဦးသန့်ဇင်ဦးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၀၀၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သား၊ သမီး၊ ချွေးမများဖြစ်ကြသည့် ဦးအောင်ဇော်ဦး၊ ဒေါ်လှဲ့လှဲ့မိုး၊ ဒေါ်ပပမိုး၊ ဒေါ်ခင်မာချိုတို့(၄ဦးအနက်)၊ ဦးအောင်ဇော်ဦး ပါ(၃)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၇၇၅/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်လှဲ့လှဲ့မိုး ၉/မနမ(နိုင်)၀၃၇၅၃၉ကအမှုတွဲအမှတ် (၂၂၈၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး / အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ပို့ကုန်ကြေညာလွှာ (၄)စုံ ပျောက်ဆုံးကြောင်းကြေညာချက်

မြေကွက်အမှတ် B3၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်တွင် လုပ်ကိုင်လျှက်ရှိသော IIDA ELECTRONICS (MYANMAR) CO.,LTDမှ ပို့ကုန်ကြေညာလွှာများဖြစ်သော (Export Declaration Form) (No.200044534551/200054636141/ 200064042411/200079579501) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။ IIDA ELECTRONICS

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ်-၁၃၄၊ ဧရိယာ(၂၇၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးသောင်းအေး(၁၂/ဥကတ(နိုင်)၁၁၈၉၄၃) အမည်ပေါက်ပြီး လက်ဝယ်ပိုင်ဆိုင်ထားရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းအမည်ပေါက်သူထံမှ ကျွန်တော်၏ မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေး
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၄၉)
အမှတ်၃(B) ၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၀ဧကရှိ ဒေါ်ယဉ်ယဉ်နု ၁၂/ဥကတ(နိုင်)၀၁၄၈၈၇(ဘ) ဦးသင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၁၂၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၅၁/၂၀၂၃(၁-၁၁-၂၀၂၃)ဖြင့်မြေ ကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မြမိုးအေး ၁၂/မရက(နိုင်)၁၂၁၃၈၇(ဘ) ဦးမြင့်အေးမှ ဦးသီဟလင်း ၁၂/မရက(နိုင်)၁၃၃၁၈၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်စည်သူကိုကို (၇/ညလပ(နိုင်)၂၄၁၁၅၉) ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၅၅၈၇၂၇၆

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၁)၊ ရေတာရှည်လမ်း သစ်နေ မောင်စိုးရာဇာထွန်း ၁၂/ဗဟန(နိုင်)၁၀၅၇၀၆ ၏ ပတ်စ်ပို့နံပါတ် (MI- 383521)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၇၈၇၉၇၇

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၇၉၂)၊ ငမိုးရိပ်ရပ်ကွက်နေ မခင်မျိုးလင်း ၁၂/သဃက(နိုင်)၂၀၆၈၅၇၏ ပတ်စ်ပို့နံပါတ် (MI -383852) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၅၀၁၈၆၂

## ပတ်စ်ပို့ပျောက်

ဦးသောင်းလွင်၏ သမီး မနှင်းထက်ထက်ဦး ၇/ပမန(နိုင်) ၂၀၁၀၂၇၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-553532) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၆၅၅၄၀၃၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၉၀/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဒေါ်ချယ်ရီအောင်(၁၂/ဒဂန(နိုင်)၀၀၀၁၂၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဂရန်အမည်ပေါက်ပိုင်ရှင်ဒေါ်ချယ်ရီအောင်(၁၂/ဒဂန(နိုင်)၀၀၀၁၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/16875, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းသူရိန်ထွန်း ၁၄/ဝခမ(နိုင်)၂၇၉၈၂၈ က ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/6882, HI/ LAMK L/T ယာဉ်လက်ဝယ်ရှိသူ ဦးဗန်ဗျက်ထန် ၄/ထတလ(နိုင်) ၀၃၄၄၂၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကလေးမြို့)

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/59011, Traulergi $B_2$,လက်တွန်း(တွဲပါ) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့် ၁၄/လပတ(နိုင်)၀၂၄၄၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/16875, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းသူရိန်ထွန်း ၁၄/ဝခမ(နိုင်) ၂၇၉၈၂၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၅၆၅၁, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၁၄/မမက(နိုင်)၁၈၆၄၁၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၅)၊ မြခေမာ(၁)လမ်းနှင့် မြသိင်္ဂီလမ်းထောင့်၊ မြေကွက်အမှတ် (၅၃၉/က)၊ ဦးခင်မောင်ဆွေ အမည်ပါက် ပေ (၂၀ x ၆၀) ရှိ ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ RC (၂) ထပ်တိုက်၊ အဝီစိရေတွင်း၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင် ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအိ (၁၂/လကန (နိုင်) ၁၀၇၂၀၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေခိုင်ဦး (၇/ပတန(နိုင်)၀၈၆၂၀၁) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမြင့်ထွန်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)
ဖုန်း-၀၉ ၄၂၃၇၂၅၅၂၀

## စီးပွားရေးလုပ်ရန် လမ်းမတန်းရှာနေသူများအတွက် အချက်အချာကျ နေရာကောင်း ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ ငွေမကိုင်ဘဲ ပစ္စည်းကိုင်ပြီး တန်ဖိုးတက်လိုသူများအတွက် သုဝဏ္ဏလမ်းမတန်း၊ မျက်နှာစာ(၇၀')၊ ရှေ့နောက်(၉၀')၊ (၄၅' x ၅၀') 2RC တိုက်(၁)လုံး၊ (၁၂' x ၂၅') နှစ်ထပ်တိုက်(၁)လုံး၊ Master bedroom (၃) ခန်း၊ Single bedroom (၅) ခန်း၊ ရုံးခန်းဖွင့်လိုသူများ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ Bank Transfer တစ်ဝက်၊ ငွေသားတစ်ဝက်ရသည်။

ကျပ်သိန်း (32,000)

ဖုန်း – 09–5178979, 09–451146685, 09–251790828, 09–401535959

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးသက်ပိုင်ဦး ၁၂/ဥကမ(နိုင်) ၁၉၉၈၅၅ ၏သမီး My Orchard Talented Private School Grade–3 တက်ရောက်နေသော မသွန်း ရှင်ငြိမ်းပိုင်အား မသွန်းရှင်ငြိမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းရှင်ငြိမ်း

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အမှတ် (၃) အထက ကျောင်း Grade–10 မှ မောင်ညီဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးသင်း ၁၀/မဒန(နိုင်) ၀၉၀၆၈၄ ဖြစ်ပါကြောင်း။

ဒေါ်အေးအေးသင်း

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်တိုးအောင် (၇/ပခန(နိုင်) ၄၇၆၉၈၅) ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၉၂၉၀၉၁၁၉

### အမည်မှန်

ဦးသန်းနိုင်ဦး၏သား ရွှေတောင်မြို့နယ်၊ အလက ခလရ–၁၄ ကျောင်း Grade–6မှ မောင် A သူဟိန်း၏ အမည်မှန်မှာ မောင်အေသူဟိန်း ဖြစ်ပါကြောင်း။

မောင်အေသူဟိန်း

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အမှတ် (၃) အထက ကျောင်း Grade–10မှ မမေကဗျာ၏ မိခင်အမည်မှန်မှာ ဒေါ်တင်ဇာလှိုင် ၁၀/မဒန(နိုင်)၂၆၅၄၄၈ ဖြစ်ပါကြောင်း။

ဒေါ်တင်ဇာလှိုင်

### ဖခင်အမည်မှန်

